# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 27 November 2025 ၁၂၀၁၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ကိုယ်ရေးအကျဉ်း

မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ကို ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အိုရှာခရိုင်၊ ကိုပိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရှခ်လိုဗ်ခရိုင်၊ အလက်ဇန်းဒရီးယားမြို့ရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကူလယ်ရှော့မိုဂီလက်ဗ် ဆရာအတတ်သင်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၈၅ ခုနှစ်တွင် ဘယ်လာရုစ် စိုက်ပျိုးရေးတက္ကသိုလ်မှ စီးပွားရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် စတင် စစ်မှုထမ်းဆောင်ခဲ့ပြီး နယ်ခြားစောင့်တပ်တွင် လည်းကောင်း၊ အနောက်ပိုင်း နယ်နိမိတ်ခရိုင် (ဘရက်စ်) တွင် နိုင်ငံရေးရာနည်းပြဆရာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆိုဗီယက်တပ်မတော် တပ်ရင်းတပ်ဖွဲ့တစ်ခု၏ ဒုတိယတပ်ဖွဲ့မှူး (နိုင်ငံရေးအရာရှိ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မိုဂီလက်ဗ်ဒေသ၏ အစားအသောက် ကွပ်ကဲရေးဆိုင်ရာ ကွန်ဆိုမိုးလ်ကော်မတီ၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ မိုဂီလက်ဗ်ဒေသ အိုကြာဘစ်စကီခရိုင် စီမံခန့်ခွဲရေးကော်မတီ၏ သင်တန်းနည်းပြဆရာအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ခရိုင် ဇနာမီ အများပြည်သူပိုင် အဖွဲ့အစည်း၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ခရိုင်၊ အူဒါနစ် စုပေါင်း လယ်ယာလုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ဆောက်လုပ်ရေးပစ္စည်းစက်ရုံ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ လီနင် စုပေါင်းလယ်ယာလုပ်ငန်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အသက် ၃၃ နှစ်အရွယ်တွင် ရှခ်လိုဗ်ခရိုင်၊ ဂိုရိုဒက်နိုင်ငံပိုင် လယ်ယာလုပ်ငန်း၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ယင်းလုပ်ငန်းကို ဦးဆောင်ခဲ့သည်။



မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ၁၉၉၀ ပြည့်နှစ်တွင် ဘယ်လာရုစ် ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ အဓိပတိကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးအဖွဲ့များအောက်တွင် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်စစ်ဆေးသည့် ကော်မရှင်ကို ဦးဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လတွင် လွှတ်တော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ဦးဆောင်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှ ယနေ့အထိ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောက်စိမ်းအတွဲပေါင်း ၄၁၈၃ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၈၅ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

**အကျဉ်းသား အကျဉ်းသူ ၇၂၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**
စာမျက်နှာ » ၃

**ကိုယ်ဖော်ဆေး ကိုယ်ပြန်စား ကိုယ်လုပ်တာ ကိုယ်ပြန်ဖမ်း ကောက်ကျစ်လွန်းသူ KNU**
ဆောင်းပါး စာမျက်နှာ » ၆

**ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း**
စာမျက်နှာ » ၉





ကြေးမုံ

# နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား အလေးထားဆုံးဖြတ်သုံးသပ်ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရန် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံရေးဆိုသည်မှာ နိုင်ငံတော်၏ အရေးကိစ္စများကို အများပြည်သူအကျိုးငှာ ဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံရေးသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စ၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိစ္စဖြစ်၍ ပြည်သူလူထုအနေဖြင့် ပါဝင်ဆောင်ရွက်သင့်သည်။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် ပြည်သူများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့်သူများ၏ အရည်အချင်းနှင့် အမြော်အမြင်ရှိမှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုတို့ကို အကဲဖြတ် ရွေးချယ်ပေးလေ့ရှိသည်။ အကဲဖြတ်နိုင်စွမ်းရှိရန်အတွက် ပြည်သူများအနေဖြင့် အမှား၊ အမှန် ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် ပညာရည်ရှိနေရန် လိုအပ်သည်။

ပညာအရည်အသွေးမြင့်မားသည့် ပြည်သူများဖြစ်လာစေရန် ပညာရေးစနစ်ကောင်းမွန်ရန်လိုအပ်သည်။ နိုင်ငံသားများအနေဖြင့် အသိပညာ၊ အတတ်ပညာများ ပိုမိုတတ်မြောက်လာသည်နှင့်အမျှ မိမိတို့ပညာရပ်နှင့် လျော်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေမြင့်မားလာမည်။ အသိပညာ၊ အတတ်ပညာများ တတ်ကျွမ်းမှုမြင့်မားလာခြင်း၊ အခြေအနေအရပ်ရပ်ကို အမှား၊ အမှန် ခွဲခြားနိုင်စွမ်းရှိခြင်း၊ မြို့ပြလူနေမှုအဆင့်ပြောင်းလာခြင်း စသည့်အကျိုးဆက်များ ဖြစ်ထွန်းလာမည်။ အရည်အသွေးပြည့်ဝသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည့် လူလတ်တန်းစားများလာခြင်းသည် ဒီမိုကရေစီအဆင့်ကူးပြောင်းရေးအတွက် အပေါင်းလက္ခဏာဖြစ်သည်။


စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးသည် ပြည်သူအားလုံး၏ဆန္ဒဖြစ်သည်။ ဒီမိုကရေစီပြည်ထောင်စုကြီးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသည်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေရန် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်၍ ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်၍ နိုင်ငံနှင့် လူမျိုးအကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာမှရလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးကို အထောက်အကူပြုသည်။ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များအား ပြုစုပျိုးထောင်ရင်း လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်အောင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ပါဝင်ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးကို အမှန်တကယ်သယ်ပိုးနိုင်မည့် ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီအခွင့်အလမ်းများကို ဖော်ဆောင်ပေးနေပြီဖြစ်၍ ပြည်သူများကလည်း သုံးသပ်ဆုံးဖြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အဘက်ဘက်၌ ပြင်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ထားသည်။ ရွေးကောက်ပွဲတွင် မဲမသမာမှု၊ မမှန်ကန်မှုမဖြစ်စေရေး တိကျမှန်ကန်သော အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆောင်ရွက်ပေးထားသည်။

မြန်မာနိုင်ငံအနေဖြင့် မျက်မှောက်ကာလ ပကတိအခြေအနေအရ နိုင်ငံတော်တွင် အနှောင့်အယှက်အဖုံဖုံ ကြုံတွေ့နေသည်။ မည်သို့ပင်ရှိသည်ဖြစ်စေ ပြည်သူများ၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိသည်။ ဒီမိုကရေစီလမ်းကြောင်းကို ကောင်းမွန်မှန်ကန် တည့်မတ်ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန် ပြည်သူများကလည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ထွက်လာစေရန် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ပကတိအခြေအနေများအရ တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူတို့သည် အရေးကြီးသည်ဟု ရှုမြင်သင့်ပါကြောင်း။ ။




## ညောင်လေးပင်မြို့နယ်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

ပဲခူး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ညောင်လေးပင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းထွေးက သမဝါယမဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် အသင်းများဖွံ့ဖြိုးရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ်သမဝါယမအသင်းလီမိတက်၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာက ဖတ်ကြားတင်ပြပြီး သဘာပတိက အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူကာ အသင်းဝင်၊ အသင်းသားများ၏ အစုပေါ်အမြတ်ငွေများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ၂၆ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ – ၁၁ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁,၂၉၅ | ၁၁,၁၃၇,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၅၅၁ | ၁,၉၅၈,၆၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၄၅ | ၃၄၂,၀၀၀ |
| FPB | ၂,၁၅၀ | ၂,၁၅၀ | ၁၀၀ | ၂၁၅,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၃ | ၈,၈၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၉၅၁ | ၁,၅၈၁,၇၀၀ |
| AMATA | ၃,၆၅၀ | ၃,၆၀၀ | ၁၅ | ၅၄,၂၅၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၁,၁၃၁ | ၃,၅၃၅,၈၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၆၀၀ | ၈၀၀ | ၂,၀၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အကျဉ်းသား အကျဉ်းသူ ၇၂၄ ဦး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကျဉ်းသား အကျဉ်းသူ ၂၃၆၁ ဦး ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၁ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများ ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၂ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်**
**ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် ဖွင့်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၆**

တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝူရှီးဟွာကွမ်း ကုမ္ပဏီလီမိတက် (Wuxi Hua Guang (Myanmar) Co., Ltd)၊ ဒေဇ်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် မနောရောအထွေထွေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံ၏ ဒုတိယအဆင့်ကျောက်မီးသွေးအခြောက်ခံစက် ဖွင့်ပွဲကို လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် မောင်းနှင်နေမှုနှင့် ဓာတ်အား ထိန်းချုပ်ခန်းအတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီမှ ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဓာတ်အားပေး စက်ရုံစီမံကိန်းများကို ကာလတို/ ကာလလတ်/ ကာလရှည် အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးလောင်စာ အသုံးပြု၍ ဓာတ်အား ထုတ်လုပ်ခြင်းသည် နိုင်ငံတော် ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်း နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသယံဇာတ များစွာရှိသည့် အနက် ဆပ် ဘစ်တူးမင်းနပ်စ် (Sub-bituminous) အမျိုးအစား ကျောက်မီးသွေးများအား အများဆုံးတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြောက်ခံစက်အသုံးပြုခြင်းဖြင့် အပူစွမ်းအင် ထုတ်လုပ်မှု ပိုမိုမြှင့်တင်နိုင်ပြီး လျှပ်စစ်ထုတ်လုပ်မှု စွမ်းရည် (Efficiency) တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာ (Advanced Technology)များ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျှော့နည်းစေသော လျှပ်စစ်ဓာတ်အားများစွာကို စီးပွားရေး တွက်ခြေကိုက်စွာ လက်တွေ့ကျကျ **စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် "အရင်းအမြစ် မျိုးစုံမှ လျှပ်စစ်နှင့် စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်"ဆိုသည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်၏ လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံအား ပထမအဆင့် အကြီးစားပြင်ဆင်ခြင်းများ ဆောင်ရွက်ကာ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ယခုဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် ယခင်ထုတ်လုပ်မှုထက် ၃၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ မောင်းနှင်လည်ပတ်နေမှု အခြေအနေနှင့် ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် Wuxi Hua Guang (Myanmar) Co., Ltd. မှ တာဝန်ရှိသူတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် စက်ရုံအတွင်း ပြသိုလှောင်ရုံရှိ စက်ရုံမှထွက်ရှိလာသည့်ပြာများ ထုတ်လုပ်နေမှု၊ အသုံးပြုရန်စီစဉ်ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွက်အသုံးပြုသည့် ကျောက်မီးသွေးတူးဖော်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယခုဖွင့်လှစ်သည့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းကြောင့် အသုံးပြုလျက်ရှိသော ဒေသထွက် ကျောက်မီးသွေး၏ စိုထိုင်းဆများပြားမှုကို လျှော့ချကာ အပူစွမ်းအင်ကို တိုးမြှင့်နိုင်ခဲ့သဖြင့် ယခင်လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အားပြည့် ၁၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် ၃၀ မဂ္ဂါဝပ် ထပ်မံ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားရှိမှုနှင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာ၌ တာဝန်ရှိသူများ၊ အဘိုးအဘွားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဘိုးအဘွားများအနေဖြင့် မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးနှင့် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားရှိမှု၊ နိုင်ငံသားကတ်ပြားပျောက်ဆုံး/ပျက်စီးပါက မိတ္တူလျှောက်ထား ကိုင်ဆောင်နိုင်ရေး၊ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ အဘိုးအဘွားများ၏နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြည့်ရှုမေးမြန်းပြီး စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိုးဘွားရိပ်သာအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းပြီး အဘိုးအဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်မှုနှင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးရန်ရှိပါက ဆွေးနွေးပြောကြားနိုင်ရေး မှာကြား၍ အဘိုးအဘွားများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပမာဏ ကျပ်သိန်းနှစ်ရာနှင့်အထက် ထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပမာဏ ကျပ်သိန်းနှစ်ရာနှင့်အထက် ထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ချေးငွေ အမြန်ဆုံး ပြန်လည်ပေးဆပ်နိုင်ရေးနှင့် ချေးငွေထုတ်ယူထားသော လုပ်ငန်းရှင်များက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အလားတူ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီး နှင့်ပြည်နယ်အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားများနှင့် ပထမအဆင့်ရရှိအောင် စွမ်းဆောင်ခဲ့ကြသော အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပရာ အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆုများ ရရှိကြသည့် အောင်ပွဲရအားကစားအဖွဲ့များက ဆုဖလားများကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းအပ်နှံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုရအားကစားအဖွဲ့ များ၊ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ညပိုင်းတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြု ချီးမြှင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

**☆ ရွှေဖုံးမှ**

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၈၉ တွဲ အနက်မှ ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု(အေနှင့်ဘီ) တို့မှ ကျောက်စိမ်း အတွဲပေါင်း ၂၉၀၀ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၈၅ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၇၃ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက် အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - မင်းကျော်စွာ**
**ဓာတ်ပုံ - ကိုအေးသန်း**



**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting-26th ACAMM)သို့ ညှို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၂၆

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး(26th ASEAN Chiefs of Army Multilateral Meeting–26th ACAMM)သို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုယ်စားတက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ Pan Pacific Hotel ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(26th ACAMM) နှင့် (၁၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည်အစည်းအဝေး (13rd ASMASM)တို့၏ ပူးတွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစည်းအဝေးတွင် စင်ကာပူကာကွယ်ရေးဝန်ကြီးချန်ချွန်စင်း(Mr. Chan Chun Sing) က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသောအာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစည်းအဝေးခေါင်းစဉ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ပိုမိုထိရောက်သော HADR လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်ရေး (Climate Adaptation in HADR Operations)" နှင့်အညီ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကာ မွန်းလွဲပိုင်းတွင် အစည်းအဝေး ပြီးဆုံးခဲ့သည်။ ထို့နောက် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(26th ACAMM)၏ ပူးတွဲကြေညာချက်အား သဘောတူညီခဲ့ကြပြီး တက်ရောက်လာကြသည့်အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညှို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘရူနိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Aldi bin Haji Hassan၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Amarit Boonsuya၊ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian၊ မလေးရှားဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Maruli Simanjuntak၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်ချုပ် Kongthong Soukhavong တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့် ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ညှို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးတို့သည် စင်ကာပူကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian နှင့်ဇနီးတို့ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် ညှို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)တို့ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်)ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်




နေပြည်တော် နိုဝင်ဘာ ၂၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)တို့ရှိ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက အရာရှိ၊ စစ်သည် မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ပြုလုပ်မည့် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာကန်တော့ပွဲနှင့် အသက် ၈၀နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲအတွက် ပဒုမ္မာရွှေကြာဆေးတိုက်မှ ဦးအောင်လင်း–ဒေါ်ခင်သန်းနွဲ့ (ဂုဏ်ထူးဆောင်အသင်းဝင်) ဆရာခို/ဓာခံဓတိုင်းရင်းဆေး (မိသားစု) က အလှူငွေကျပ် ၂၇၀၀၀၀၀ ၊ဆစ်ဒနီမြို့နေ ဦးမောင်မောင်–ဒေါ်ဥမ္မာခင် မိသားစု က အလှူငွေကျပ် ၆၀၀၀၀၀၊ USA နေ ဒေါ်သန်းသန်းငြိမ်း၊ ဒေါ်မြမြဦး၊ ဦးဇော်ဝင်းတို့က အလှူငွေကျပ် ၄၀၀၀၀၀ ၊ သီဟသုဓမ္မမဏိဇောတရေ ဦးလှမြင့်(ရန်ကုန်) က အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ဦးမိုးယုဝင်း (အလုံ)က အလှူငွေကျပ် ၅၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၃၈၅၀၀၀၀ ကို ယမန်နေ့နံနက်ပိုင်းက မြို့မကျောင်းလမ်းရှိ ORIENTAL HOUSE စားတော်ဆက်တွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အေးသန်း(စိန်တုံးကြီး)

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၂၆

၁၃၈၇ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၈)ကြိမ်မြောက်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် ဦးဌေးဦး (ပြည်ထောင်စုဝန်ကြီး–ငြိမ်း)–ဒေါ်နီနီဝင်းမိသားစုက အလှူငွေကျပ် ၂၈၈၀၀၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၂၅ သိန်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သိန်း၂၀ ၊ ကယားပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာဘဒ္ဒန္တရေဝတ (ရွှေကွမ်းသား)က ငွေကျပ်ဆယ်သိန်း၊ (ဗိုလ်မှူးချုပ်စည်သူတင်ဖေ)–(ဒေါ်သိန်းဆိုင်–စာရေးဆရာမကြီး မမြတ်လေး) မြတ်လေးရုံမိသားစုနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးဖေသက်ညွှန့် (ဆွေဇင်ညွှန့်)က ငွေကျပ်နှစ်သိန်း၊ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး (မောင်သံငြိမ်း)၊ ဦးမြတ်စိုး (မြတ်စိုး–လှိုင်)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဦးညွှန့်တင် (သီဟညွှန့်တင်–လသာ)၊ ဒေါက်တာခင်မောင်လွင် (Fame ဆေးဝါးထုတ်လုပ်ရေး)နှင့် ဒေါက်တာနေဝင်း စိတ်ကျန်းမာရေး ဖောင်ဒေးရှင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်တင်ထက်ထက်ဇော် (စာရေးဆရာမ ပေါက်ပေါက်) က ငွေကျပ် ငါးသောင်း၊ ဆရာမြတ်သူစံ(ဝါးခယ်မ)နှင့် ဦးထွန်းငွေ–ဒေါ်ခင်ဌေးမြင့် မိသားစု (သန်လျင်မြို့)တို့က ငွေကျပ်သုံးသောင်းစီ၊ ဦးစံရှိန်(ဆရာကြီးရှိန်)နှင့် ဆရာပန်းမျိုးခင်(တောင်ဥက္ကလာပမြို့နယ်)တို့က ငွေကျပ်နှစ်သောင်းစီ၊ ဆရာခင်မောင်ညို (ရေနံချောင်း)က ငွေကျပ်၁၅၀၀၀၊ ဦးစိုးညွှန့် (ဇင်ယော်မာန်)နှင့် ဦးစိန်ထွန်း (မြန်မာစာ)တို့က ငွေကျပ်တစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွှန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်) တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၃၄၁၇၊ ၀၉–၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုယ်ဖော်ဆေး ကိုယ်ပြန်စား ကိုယ်လုပ်တာ ကိုယ်ပြန်ဖမ်း ကောက်ကျစ်လွန်းသူ KNU

**စွမ်းပြည့်**

မြန်မာပြည်သူလူထုအနေနဲ့ အမှန်သိသင့်ပါတယ်။ အောက်တန်းကျတဲ့ ကေအင်န်ယူဟာ နိုင်ငံအချို့ကို သေဖော်ညှိပြီး မြန်မာပြည်သူတွေကို မျက်လှည့်ပြနေပြန်ပါပြီ။ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နဲ့ တစ်ချိန်လုံးကြီးပွားချမ်းသာအောင်လုပ်ခဲ့ကြတယ်၊ သူများမျက်ရည်၊ ချွေး၊ သွေးနဲ့ လမ်းခင်း၊ ဘဝတွေပျက်အောင် လုပ်ခဲ့ကြတယ်၊ နိုင်ငံတကာမသိအောင် ဖုံးဖိ မျိုဆို့ပြီးမှ မြန်မာ့တပ်မတော်က မြန်မာနိုင်ငံ နိုင်ငံသားအားလုံးဂုဏ်သိက္ခာအတွက် အွန်လိုင်းလိမ်လည်မှု လုပ်နေတဲ့နေရာတွေကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာကနေ အားလုံးကို အမြစ်ပါမကျန် ဖြိုချဖျက်ဆီးနေကာမှ အွန်လိုင်းလိမ်လည်တဲ့နေရာတစ်ခုဆိုပြီး ကေအင်န်ယူက အသိမ်းပြ၊ လုပ်ပြ ကိုင်ပြနေခြင်းဟာဖြင့် အင်မတန်အောက်တန်းကျတဲ့ လုပ်ရပ်အဖြစ်သာ မှင်တက်အံ့သြမိရပါတော့တယ်။

**အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်**

မြန်မာနိုင်ငံအနေနဲ့ ကရင်ပြည်နယ်၊ မြဝတီမြို့၊ KK Park နယ်မြေအတွင်း အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နဲ့ အွန်လိုင်းလောင်းကစားမှု (Online Gambling)တွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သတ်မှတ်ပြီး တိုက်ဖျက်နေပါတယ်။ ယခုမှ မဟုတ်ပါဘူး၊ တရုတ်နိုင်ငံနဲ့လည်း နှစ်နိုင်ငံ Task Force ဖွဲ့စည်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင် ဒေသမှာ အွန်လိုင်းလိမ်လည်လောင်းကစားမှုတွေကို ပူးပေါင်းနှိမ်နင်းဆောင်ရွက်ခဲ့ဖူးပါတယ်။ ထိုစဉ်က ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးကို သက်ဆိုင်ရာနိုင်ငံတွေကို ပြန်လည်လွှဲပြောင်း ပေးခဲ့ရဖူးတယ်။ ယခုလည်း ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှာ ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေးစီမံကိန်းများ အကြောင်းပြ၊ တရားမဝင် လောင်းကစားရုံတွေထောင်၊ အွန်လိုင်းလိမ်လည်လောင်းကစားတွေ ကေအင်န်ယူက ဦးစီးဦးဆောင်လုပ်ပြီး လုပ်ခဲ့ကြပြန်တယ်။

ကရင်လက်နက်ကိုင်နဲ့ PDF စိုးမိုးနယ်မြေအားလုံးနီးပါးမှာ လမ်း၊ လျှပ်စစ်၊ အင်တာနက် အခြေခံအဆောက်အအုံ အပြည့်တည်ဆောက်ပြီး နိုင်ငံခြားသား အလုပ်သမားထောင်ချီ အသုံးပြုခဲ့ကြခြင်းဖြစ်တယ်။ တရားမဝင် ဒီလိုလုပ်ငန်းတွေအတွက် လိုအပ်တဲ့ စက်ပစ္စည်းကိရိယာ၊ လူသားအရင်းအမြစ်၊ အင်တာနက်ကအစ အရင်းအမြစ်အားလုံး ဘယ်ကလာသလဲ ထင်ရှားလွန်းပါတယ်။ မြန်မာနိုင်ငံအရင်းအမြစ်က မဟုတ်တာတော့ လုံးဝသေချာတယ်။ ဒါကြောင့်လည်း တရားမဝင်လုပ်ငန်းမှန်သမျှ လုပ်နေတဲ့ အဖွဲ့အစည်းအားလုံးကို နိုင်ငံတကာ (တရုတ်၊ ထိုင်း၊ မြန်မာနိုင်ငံ) တို့ ပူးပေါင်းပြီး နှိမ်နင်းတိုက်ဖျက်နေကြခြင်း ဖြစ်ပါတယ်။ နှိမ်နင်းမှုက ထိရောက်မှုလည်း ရှိပါတယ်။ အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် တရားမဝင်လုပ်ငန်း လုပ်ကိုင်ကြတဲ့ ရွှေကုက္ကိုလ်၊ K K Park၊ ကျောက်ခတ်နယ်မြေတွေကို ဇန်သုံးခု သတ်မှတ်ပြီး အပြီးတိုင်ဖြိုချဖျက်ဆီးဆောင်ရွက်နေကြပါတယ်။ တစ်ပတ်အတွင်းမှာ အဆောက်အအုံရာချီ၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းထောင်ချီ၊ စတားလင့်ခ် ဆက်သွယ်ရေးစက်ပစ္စည်းရာချီပြီး ဖြိုချဖျက်ဆီးနိုင်ခဲ့တာ တွေ့ရတယ်။ တရားမဝင်ပြည်ပနိုင်ငံသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေဆီ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့တယ်။ ဒီအချက်အားလုံးဟာ ကမ္ဘာသိ၊ မြန်မာသိ မြန်မာနိုင်ငံရဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အမျိုးသားရေး ဆောင်ရွက်ချက်များပါပဲ။

**ဓာတ်လမ်းတစ်ခုပမာ၊ ရှေ့ကဖုံး နောက်ကပေါ်**

ကေအင်န်ယူဟာ မြဝတီမြို့တောင်ဘက် ဖလူး (မင်းလက်ပံ) ဒေသကို နိုဝင်ဘာလ ၂၄ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် နယ်မြေအခြေအနေဟာ အနည်းငယ်တော့ ရှုပ်ထွေးသွားခဲ့တယ်။ DKBA စခန်းချတဲ့နေရာကို ဝင်ရောက်ထိန်းသိမ်းပြီး အွန်လိုင်းလိမ်လည်မှုပြုရာနေရာကို သိမ်းပိုက်ခဲ့တယ်လို့ဆိုတယ်။ သူတို့သိမ်းပိုက်ထားတယ်ဆိုတဲ့နေရာမှာ အွန်လိုင်းလိမ်လည်မှုမှာ ပါဝင်ပတ်သက်ခဲ့တဲ့ နိုင်ငံခြားသားတွေကို လာရောက်ခေါ်ယူဖို့ နိုင်ငံတကာကို တောင်းဆိုပြတယ်။ သိမ်းယူပြီး ချက်ချင်းဆိုသလို ထိုင်းနဲ့ နိုင်ငံတကာအေဂျင်စီတွေကိုချိတ်၊ ဆက်သွယ်အကြောင်းကြား၊ အထောက်အထားတွေစု၊ အကဲဖြတ်အဖွဲ့တွေဖွဲ့၊ လုံခြုံရေးတွေဖြန့် စသဖြင့် တကယ့်ကို ရေပက်မဝင်တဲ့ ဇာတ်တိုက်ထားတဲ့ စီမံချက်ပမာ တစ်စုံတစ်ဦးရဲ့ ညွှန်ကြားချက်ကို နာခံပြီး လုပ်နေသလား ထင်ရလောက်အောင် စနစ်တကျ ရှိလွန်းခြင်းဟာဖြင့် ဇာတ်လမ်းဇာတ်ကွက်ပမာ ထင်ရှားလှပါတယ်။

ဒါ့အပြင် သူတို့ဟာ နိုင်ငံခြားသားတွေရဲ့ အသက်အန္တရာယ်ကို အချိန်နှင့်အမျှ အလွန်စိုးရိမ်လာရကြောင်း အကြောင်းပြပြီး နိုင်ငံခြားသားတွေကို ကယ်တင်ဖို့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမှာ နိုင်ငံတကာကို ပူးပေါင်းဆောင်ရွက်ဖို့ မျက်ရည်ချူတာတွေ့ရတယ်။ အမှန်တကယ်က ကေအင်န်ယူဟာ ဝင်ရောက်တိုက်ခိုက်ပြီး နိုင်ငံခြားသားတွေကို ဖမ်းဆီးထားတဲ့ပုံစံနဲ့သာ ပိုတူနေတယ်။ အကူအညီတောင်းတာက အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ထိုင်းနိုင်ငံကို အဓိကဦးတည်တာ တွေ့ရတယ်။ ဒီနိုင်ငံတွေဟာ ယခင်အပတ်များကတည်းက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံနဲ့အတူ နယ်စပ်ဒေသတစ်လျှောက်မှာ လက်တွဲဆောင်ရွက်နေတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဘာကို အထူးစိုးရိမ်နေသလဲဆိုတာ မသိရပေမယ့် လူသားချင်းစာနာထောက်ထားမှု အခြေခံမှုတွေအတိုင်း မတန်မရာဆိုထားပြီး သူခိုးက လူဟစ်၊ နယ်စပ်က မြန်မာလုပ်သားတွေကို အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ဖူးသူတွေ၊ မုဒိမ်းကျင့်၊ လူသတ်ဖူးခဲ့ကြတဲ့ ကေအင်န်ယူလို မိစ္ဆာယုတ်တွေရဲ့ ပါးစပ်ကမှ ပြောထွက်တဲ့စကား နားရှိလို့သာ ကြားရပါတယ်။

> သူတို့ဟာ နိုင်ငံခြားသားတွေရဲ့ အသက်အန္တရာယ်ကို အချိန်နှင့်အမျှ အလွန်စိုးရိမ်လာရကြောင်း အကြောင်းပြပြီး နိုင်ငံခြားသားတွေကို ကယ်တင်ဖို့၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမှာ နိုင်ငံတကာကို ပူးပေါင်းဆောင်ရွက်ဖို့ မျက်ရည်ချူတာတွေ့ရတယ်။ အမှန်တကယ်က ကေအင်န်ယူဟာ ဝင်ရောက်တိုက်ခိုက်ပြီး နိုင်ငံခြားသားတွေကို ဖမ်းဆီးထားတဲ့ပုံစံနဲ့သာ ပိုတူနေတယ်။ အကူအညီတောင်းတာက အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ထိုင်းနိုင်ငံကို အဓိကဦးတည်တာ တွေ့ရတယ်။ ဒီနိုင်ငံတွေဟာ ယခင်အပတ်များကတည်းက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံနဲ့အတူ နယ်စပ်ဒေသတစ်လျှောက်မှာ လက်တွဲဆောင်ရွက်နေတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဘာကို အထူးစိုးရိမ်နေသလဲဆိုတာမသိရပေမယ့် လူသားချင်းစာနာထောက်ထားမှု အခြေခံမှုတွေအတိုင်း မတန်မရာဆိုထားပြီး သူခိုးက လူဟစ်၊ နယ်စပ်က မြန်မာလုပ်သားတွေကို အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ဖူးသူတွေ၊ မုဒိမ်းကျင့်၊ လူသတ်ဖူးခဲ့ကြတဲ့ ကေအင်န်ယူလို မိစ္ဆာယုတ်တွေရဲ့ ပါးစပ်ကမှ ပြောထွက်တဲ့ စကား နားရှိလို့သာ ကြားရပါတယ်။

သူတို့တွေက ပိတ်မိနေတဲ့ နိုင်ငံခြားသားတွေကို နိုင်ငံ/လူမျိုးအလိုက် ခွဲခြားခဲ့ပြီး လက်ဗွေရာနဲ့တကွ မှတ်တမ်းတင်၊ စာရွက်စာတမ်းတွေကို စနစ်တကျ ရှာဖွေသိမ်းဆည်းနိုင်ခဲ့တယ်လို့ဆိုတယ်။ ကေအင်န်ယူရဲ့ အချိန်တိုအတွင်း အချိန်ကိုက်လုပ်ရပ်တွေကို ကြည့်ရတာ ဒီလိုလုပ်ငန်းမျိုးကို ဒီနယ်ပယ်မှာ အထူးကျွမ်းကျင်နေပုံရတယ်။ အွန်လိုင်းလိမ်လည်မှုနဲ့မစိမ်းတဲ့သဘောပါ။ Online Scam လုပ်ငန်းတွေမှာ ယခင်ကတည်းက ကျွမ်းကျင်နှံ့စပ်နေပုံရပြီး လုပ်ဖူး၊ ကိုင်ဖူးပုံပေါက်နေတာ၊ ရှေ့ကဖုံး နောက်ကပေါ်နေတာ သတိထားမိကြပုံမရ။ နောက်ပြီး ကေအင်န်ယူနဲ့ တိုက်ပွဲဖြစ်တဲ့ DKBA အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဟာ အမေရိကန်ဘဏ္ဍာရေးဌာနရဲ့ ပိတ်ဆို့အရေးယူမှုအောက်မှာ သတ်မှတ်ခံရတဲ့ DKBA ခေါင်းဆောင်လေးယောက်အနက်က တစ်ဦးဖြစ်တယ်လို့ဆိုတယ်။ ဒါလည်း မဆန်းပါဘူး။ နယ်စပ်ဒေသနေရာအနှံ့မှာ လက်နက်ကိုင်မျိုးစုံက ထိန်းချုပ်ထားကြတဲ့အတွက် အွန်လိုင်းလိမ်လည်မှု လုပ်တဲ့ကိစ္စမှာ နယ်စပ်ဒေသ တိုင်းရင်းသားအမည်ခံ EAO အများစု အနည်းနဲ့အများ ပါဝင်ပတ်သက်မှု ရှိနိုင်တာကို မငြင်းပါဘူး။ ဒီလိုအနေအထားမှာ တပ်မတော်နဲ့ လက်တွဲဆောင်ရွက်နေတဲ့ DKBA အဖွဲ့နဲ့ ခေါင်းဆောင်မျိုးကိုမှရွေးပြီး ပိတ်ဆို့မှုလုပ်တာကိုပဲ ထူးသော်လည်းမဆန်းဟု ဆိုရခြင်းဖြစ်ပါတယ်။

**နောက်ကွယ်က မြုပ်နေတာတွေ**

ကေအင်န်ယူကို တစ်ခုမေးချင်တယ်။ တောက်လျှောက် အမြစ်တွယ်နေတဲ့ ယခုလို ဒုစရိုက်အလုပ်မျိုးတွေကို အတိတ်က ဘာကြောင့် မဖြေရှင်းခဲ့ကြပါသလဲ။ ယခုမှ ဘာကြောင့် ကမန်းကတန်း ကယ်တင်ရှင်ပမာ ထလုပ်ရပါသလဲ။ နိုင်ငံတကာဆိုပေမဲ့ သူတို့လာစေချင်တာက အမေရိကန်ပါ။ အမေရိကန်တွေ မြန်မာနိုင်ငံထဲ ဝင်လို့ရအောင် လမ်းဖွင့်ပေးနေခြင်းသာ ဖြစ်ပါတယ်။ ပွဲလန့်တုန်းဖျာခင်း၊ သူတို့တစ်ချိန်လုံး လုပ်စားလာတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းမှာ သူတို့ပါဝင်ပတ်သက်မှု မရှိသယောင်သူများကို အပြစ်ဖို့ ထိုးချနေခြင်းသာဖြစ်တယ်။ ရွေးကောက်ပွဲနီးခါနီး မရှုပ်ရှုပ်အောင် နိုင်ငံပျက်စီးအောင် လုပ်နေခြင်းသာဖြစ်တယ်။ ဒီအချက်က ရွေးကောက်ပွဲကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဖျက်ဆီးမယ်ဆိုတဲ့ ကေအင်န်ယူတို့အတွက် မှတ်တမ်းတင်ရမယ့် အထောက်အထားအဖြစ် ဆက်စပ်ယူလို့ရတယ်။

ယခင်ကတည်းက ဒီနယ်မြေတွေကို ဘယ်သူထိန်းချုပ်ထားသလဲ၊ ဒီဒေသမှာ ဒီအွန်လိုင်းလိမ်လည်မှုလုပ်ငန်းပေါင်းစုံကို ဘယ်သူတာဝန်ယူပေးထားသလဲ၊ မြေငှားစာချုပ်ကိုကော ဘယ်သူ့လက်မှတ်နဲ့ချုပ်ခဲ့သလဲ၊ လက်သည်အားလုံးက ကေအင်န်ယူချည်းပါပဲ။ နယ်စပ်ဒေသမှာ လက်နက်ခဲယမ်းမျိုးစုံမှောင်ခိုရောင်းချဝယ်ယူ ထောက်ပံ့နေတာလည်း ကေအင်န်ယူပဲ။ တရားမဝင် နယ်စပ်ဂိတ်များစွာဖွင့်၊ တရားမဝင် ကုန်သွယ်မှုတွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချလုပ်နေတာလည်း သူတို့ပါပဲ။

> အဓိကအချက်က အမေရိကန်ရဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့ခဲ့ခြင်းနဲ့အတူ ယခု ကေအင်န်ယူရဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဇာတ်လမ်းဇာတ်ကွက် နောက်ကွယ်ကအခြေအနေတွေကို ဆက်စပ်ကြည့်ဖို့ လိုပါတယ်။ အမေရိကန်ဘက်က ယခုလို ဖွဲ့စည်းခဲ့ခြင်းရဲ့ နောက်ကွယ်မှာ နက်နဲတဲ့အကြောင်းတရားတွေ ရှိမယ်ဆိုတာ မြန်မာဘက်က ပြောထားပြီးသားဖြစ်တယ်။ ဆိုလိုတာက တရုတ်နိုင်ငံရဲ့ BRI အပါအဝင် တိုးတက်မှုအရှိန်အဟုန်ကို ကန့်သတ်ထိန်းချုပ်လိုတဲ့ အမေရိကန်ရဲ့ဖိအားပေးမှု အလုံးစုံကို ထည့်တွက်ရမယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကို ဟန့်တားလိုတဲ့ ရည်ရွယ်ချက်လည်း ရှိနိုင်တယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကို ဖိအားပေးလိုပေမယ့် အွန်လိုင်းလိမ်လည်မှုမှာ ၉၀ ရာခိုင်နှုန်းခန့် အဓိကပါဝင်ပတ်သက်တဲ့ ထိုင်းနိုင်ငံကိုတော့ ဖိအားပေးတာ မတွေ့ရပြန်ဘူး။ အားလုံးက သူ့အကျိုးစီးပွားနဲ့သူ ခွဲခြားဆက်ဆံမှုတွေ တွေ့ရလိမ့်မယ်။

စာမျက်နှာ ၇ သို့ ✻

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ မြို့ဝင်မုခ်ဦးတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

**စစ်တွေ နိုဝင်ဘာ ၂၆**

စစ်တွေမြို့ မြို့ဝင်မုခ်ဦးတည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့ဝင်မုခ်ဦး တည်ဆောက်ရေးရှင်းလင်းဆောင်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ ဓမ္မာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရိယဝံသက မြို့ဝင်မုခ်ဦး တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မိန့်ကြားချီးမြှင့်သည်။



ယင်းနောက် သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သံဃာတော်အရှင်သူမြတ်တို့ထံ ပန္နက်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ စစ်တွေမြို့ အောင်မြေကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ထို့နောက် သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မြို့မိ၊ မြို့ဖတို့က သတ်မှတ်နေရာများတွင် နေရာယူ၍ ပန္နက်တင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စေတနာထား ဆောင်ရွက်သွားကြရန်မှာကြားပြီး မြို့ဝင်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နွားထိုးကြီးမြို့၌ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်



**နွားထိုးကြီး နိုဝင်ဘာ ၂၆**

မန္တလေး တိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

နွားထိုးကြီးမြို့သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ နယ်မြေဒေသ အခြေအနေ မတည်ငြိမ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအပ ကျန်ဌာနဆိုင်ရာရုံးများမှာ ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အခြားမြို့များသို့ သက်ဆိုင်ရာဌာနအလိုက် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ကြရသည်။

ယခုအခါ နွားထိုးကြီးမြို့သည် နယ်မြေဒေသ အခြေအနေ တည်ငြိမ်အေးချမ်း လာပြီဖြစ်သည့်အတွက် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ ၃၂ ရုံးမှ အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၃၃၈ ဦးတို့ဖြင့် တာဝန်ထမ်းဆောင်နေကာ အခြေခံပညာကျောင်း ၁၈ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ နွားထိုးကြီးမြို့ပေါ် ရပ်ကွက်များမှ ထွက်ပြေးတိမ်းရှောင်နေသည့် အိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၂၂၈၄ ဦး ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။

နွားထိုးကြီးမြို့သန့်ရှင်းသာယာလှပရေးအတွက် တပ်မတော်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ မြို့မဈေးနှင့် မြို့ပေါ် ရပ်ကွက်များရှိ စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန် ပစ္စည်းဆိုင်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားယာဉ်လိုင်းများလည်း နေ့စဉ်ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ သစ်တောထိန်းသိမ်းရေးအသိပညာပေးဟောပြော

**ပင်းတယ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းကပင်းတယမြို့နယ်မိုင်းလီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ပင်းတယမြို့နယ် သစ်တော ဦးစီးဌာနမှူး ဦးခန့်မင်းမော်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့်ကျောင်းသားကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးကြပြီး ဆွေးနွေးပွဲတွင် ဝင်ရောက်ဆွေးနွေးခဲ့ကြသူများအား အမှတ်တရဆုလက်ဆောင်များ ချီးမြှင့်ကာ သစ်တောဦးစီးဌာနက ပျိုးပင်များ ပေးအပ်သည်။

အဆိုပါ ဟောပြောပွဲသို့ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း၁၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



✻ စာမျက်နှာ ၆ မှ

NUG လက်အောက်ခံ PDF တွေကို နေထိုင်ခွင့်၊ တိုက်ပွဲဖော်၊ အဖျက်လုပ်ရပ်လုပ်ခွင့်ပေးပြီး တိုက်ပွဲရှောင်မှန်သမျှ လက်ခံ၊ လူ့အခွင့်အရေးအကြောင်းပြ၊ နိုင်ငံတကာကနေ မျောက်ပြဆန်တောင်းပြနေတာလည်း သူတို့ပဲ။

**အဓိကအချက်က အမေရိကန်ရဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့ခဲ့ခြင်းနဲ့အတူ ယခု ကေအင်န်ယူရဲ့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဇာတ်လမ်းဇာတ်ကွက် နောက်ကွယ်က အခြေအနေတွေကို ဆက်စပ်ကြည့်ဖို့ လိုပါတယ်။ အမေရိကန်ဘက်က ယခုလို ဖွဲ့စည်းခဲ့ခြင်းရဲ့နောက်ကွယ်မှာ နက်နဲတဲ့အကြောင်းတရားတွေရှိမယ်ဆိုတာ မြန်မာဘက်က ပြောထားပြီးသားဖြစ်တယ်။ ဆိုလိုတာက တရုတ်နိုင်ငံရဲ့ BRI အပါအဝင် တိုးတက်မှုအရှိန်အဟုန်ကို ကန့်သတ်ထိန်းချုပ်လိုတဲ့ အမေရိကန်ရဲ့ဖိအားပေးမှု အလုံးစုံကို ထည့်တွက်ရမယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကို ဟန့်တားလိုတဲ့ ရည်ရွယ်ချက်လည်း ရှိနိုင်တယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကို ဖိအားပေးလိုပေမဲ့ အွန်လိုင်းလိမ်လည်မှုမှာ ၉၀ ရာခိုင်းနှုန်းခန့် အဓိကပါဝင်ပတ်သက်တဲ့ ထိုင်းနိုင်ငံကိုတော့ ဖိအားပေးတာ မတွေ့ရပြန်ဘူး။ အားလုံးက သူ့အကျိုးစီးပွားနဲ့သူ ခွဲခြားဆက်ဆံမှုတွေ တွေ့ရလိမ့်မယ်။**

**နောက်ဆက်တွဲဆိုးကျိုးတွေ ထည့်မတွက်၊ မိမိကိုယ်ကျိုး အတ္တသာ**

ကေအင်န်ယူရဲ့လုပ်ရပ်ကတော့ အဆိုးဆုံးပါပဲ။ သူတို့လုပ်ရပ်က နယ်စပ်ဒေသအားလုံး တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ရာဇဝတ်ဒုစရိုက်မှုခင်းတွေ လျှော့ပါးပပျောက်ပြီး တရားဥပဒေစိုးမိုးမှုရှိလာအောင်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်နေတဲ့ မြန်မာ့တပ်မတော်ရဲ့ကြိုးပမ်းမှုအားလုံးကို အဟန့်အတားဖြစ်စေပါတယ်။ ကေအင်န်ယူအနေနဲ့ ယခုလို အခြားလက်နက်ကိုင်အဖွဲ့တွေကို တိုက်ခိုက်ခြင်းဟာ နယ်မြေအတွင်း မတည်ငြိမ်မှုတွေကိုသာ ပိုတိုးလာစေမှာ ဖြစ်တယ်။ ပဋိပက္ခတွေ ပိုများလာမယ်၊ ထိခိုက်ဆုံးရှုံးမှုတွေ ပိုရှိလာစေပါတယ်။ ကေအင်န်ယူက တိုက်ခိုက်တဲ့ နိုင်ငံခြားသားအချို့ သေဆုံးဒဏ်ရာရရှိသွားတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရတယ်။ ဒါကြောင့်လည်း မြန်မာ့တပ်မတော်အနေနဲ့ နိုင်ငံခြားသားတွေကို ကယ်တင်ရမယ့် လုပ်ငန်းတွေ ရှိလာပြန်တယ်။

နောက်ပိုင်းမှာ ကေအင်န်ယူဆိုတာ သူတို့ ထိန်းသိမ်းထားတဲ့ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခဲ့တဲ့နိုင်ငံခြားသားတွေကို ပြန်ပေးငွေယူပြီး ပြန်လွှတ်မယ့် လူစားမျိုးအထိ မြင်နေမိတယ်။ အကျိုးဆက်က တိုင်းရင်းသားအချင်းချင်း ပို၍ ရန်ဘက်ဆောင်လာရန်သာရှိပြီး နိုင်ငံပုံရိပ် ပိုကျဆင်းသွားဖို့ပဲရှိမယ်။ ဒီထက်ပိုပြီး အပြုသဘောဖြစ်မယ့် အကျိုးရလဒ် ဘာတစ်ခုမှမမြင်ပါဘူး။

ဒါဆိုရင် ဒီလိုအများအတွက် အကျိုးမများတဲ့ လုပ်ရပ်ကို ကေအင်န်ယူတို့ ဘာကြောင့် လုပ်ရပါသလဲ။ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်တွေဟာကိုယ့်ကိုယ်ကိုယ် စစ်နယ်ရှင်တွေသဖွယ်ယူဆပြီး အချင်းချင်း ဇာတ်တူသားစား နယ်မြေသိမ်းလေ့ရှိတဲ့ လူမိုက်လုပ်ရပ်မျိုးက အဆန်းမဟုတ်တော့ပါဘူး။ ယခုလည်း နိုင်ငံတကာက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စ အာရုံစိုက်လာတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအကြောင်းပြ DKBA နယ်မြေတွေကို ဝင်သိမ်းခြင်းပါပဲ။ သူ့အကျိုးအတွက် နယ်မြေချဲ့ စီးပွားရေးအကွက်ထွင်တဲ့သဘောပါ။ ကေအင်န်ယူတို့ရဲ့ ချိန်သားကိုက်အကွက်ဆန်းကို နိုင်ငံတကာနဲ့ တိုင်းရင်းသားပြည်သူတွေ သိနေရပါမယ်။

**ပြောရရင် ဘယ်တုန်းကမှ သန္ဓေမမှန်ခဲ့တဲ့ ကေအင်န်ယူဟာ ယခုအချိန်မှာ သူယုတ်အဖြစ် ပိုထင်ရှားလာတယ်။ သူတို့ရဲ့လုပ်ရပ်သာ စစ်မှန်ခဲ့ရင် သူတို့အတွက် အောင်ပွဲဆိုတာ ကြာခဲ့ပြီပေ့ါ။ ဒါကြောင့် ယခုအချိန်မှာမှ ကေအင်န်ယူအနေနဲ့ သူတော်ကောင်းယောင်မဆောင်ဖို့၊ အသိတရားရှိဖို့သာ သတိပေးပါရစေ။ တစ်ချိန်လုံး လုပ်လာခဲ့ကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့တကွ ဒုစရိုက်မှုအားလုံးကို မြေလှန်ရှင်းပစ်ဖို့ တပ်မတော်အနေနဲ့ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချထားပြီးပါပြီ။ ဒါကြောင့်လည်း ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက ကရင်တိုင်းရင်းသားတွေအတွက်ကော၊ မြန်မာတစ်မျိုးသားလုံးအတွက်ကော၊ ဒေသအတွက် နိုင်ငံအတွက်ကော ဘယ်လိုမှ ကောင်းကျိုးမပေး နိုင်ငံခြားသားခံယူထားသူတွေ ဦးဆောင်နေတဲ့ ကေအင်န်ယူအဖွဲ့ကို လုံးဝချေမှုန်းသုတ်သင်ပြီး မြန်မာ့မြေပေါ်က အပြီးပျောက်ကွယ်သွားအောင် ဆောင်ရွက်ပေးပါဟူ၍သာ တောင်းဆိုလိုက်ရပါတော့တယ်။ ။**

# မြောင်းမြမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



မြောင်းမြ နိုဝင်ဘာ ၂၆

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာအဖွဲ့၊ ပန်းဖွားအက အဖွဲ့၊ တယောအဖွဲ့များအား ဆုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုဝင်ဘာ ၄ ရက်တွင် MCC Yangon ခန်းမ၌ Azalea Star အကအဖွဲ့က ဦးစီးကျင်းပသော မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မြောင်းမြမြို့ကိုယ်စားပြု အာဇာနည်လီးယားစတားအဖွဲ့က “အာခါ”ရိုးရာအက၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူလေးများက “လောကအားမာန်” သီချင်း၊ အထက(၁) မြောင်းမြ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက “မြန်မာပြည်မှာ စာပေပဒေသာ ဝေဆာစေ” သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြသော အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြောင်းမြပညာရေး ဒီဂရီကောလိပ်ပြခန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ) ပြခန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)ပြခန်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနပြခန်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ဂုန်နီ)ပြခန်း၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်းသင်ထောက်ကူပြခန်း၊ ဖွံ့ဖြိုးဝေစည် ဧရာဝတီရောင်စုံခတ်ပုံပြခန်း၊ လှပသာယာပြည်မြန်မာရောင်စုံခတ်ပုံပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာအုပ်စာစောင်ပြခန်း၊ ထူးချွန်ထင်ရှား မြောင်းမြသားများပြခန်း၊ မျိုးဆက်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း သင်ထောက်ကူပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ သူနာပြုသင်တန်းကျောင်း(မြောင်းမြ) ပြခန်း၊ သစ်တောဦးစီးဌာန ပြခန်း၊ ရှေးဟောင်းသမိုင်းဝင် မြစိမ်းရောင် ပြခန်း၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ စသည့် ကာယ ဉာဏ စွမ်းရည်ပြိုင်ပွဲများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ ငွေရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့(MLRC) စတင်တည်ထောင်ခြင်း (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ ပညာတန်ဆောင်စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့မှ ဥက္ကဋ္ဌကြီးများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်ကြီးများနှင့် ပညာရေး စေတနာရှင်အလှူရှင်များ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန၏ ငွေရတုကာလ မှတ်တမ်းဗီဒီယိုအကျဉ်းကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနနှင့် ပတ်သက်သည့် လုပ်ငန်းများကို မြန်မာနိုင်ငံရှိ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့သည် စာတတ်မြောက်ရေးအခြေပြုလုပ်ငန်းများကို အောင်အောင်မြင်မြင်စွမ်းစွမ်းတမံဆောင်ရွက်ရင်း (၂၅)နှစ်မြောက် ငွေရတုတိုင်လာပြီဖြစ်ကြောင်းနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့က ဖွင့်လှစ်သည့် အာရှ-ပစိဖိတ်ဒေသ၏ (၁၃)ခုမြောက် စင်တာသည် မြန်မာနိုင်ငံတွင်ဖြစ်၍ Myanmar Literacy Resource Centre အဖြစ် ဖွဲ့စည်းလာနိုင်ခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ လှူဒါန်းမှုဖြင့် MLRC ကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၁ ရက်တွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး လုပ်ငန်းအရပ်ရပ်ကို အစပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအား ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်လှိုင်နှင့် ဒေါက်တာတင်ညိုတို့က အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် (ဒေါ်ခင်လှလှပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး-ငြိမ်း) ဦးတင်လှိုင်က မုဒိတာစကားပြောကြားပြီး NFPE အစီအစဉ်မှ ထူးချွန်သူသင်္ချာဂုဏ်ထူးတန်းကျောင်းသူ မမြင့်မြတ်သူက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ငွေရတုပြည့်မြောက်သည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနအပေါ်ထပ်ရှိ စာတတ်မြောက်ရေး အထောက်အကူပြု ပညာရေးပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားကို မရမ်းကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇာနည်ထက်၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးထင်ကျော်မိုးနှင့် အထက(၂) ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်မျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ကာယ၊ ဉာဏပြိုင်ပွဲများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ၊ ကာယပြိုင်ပွဲများ ဖြစ်သည့် ဘိုးလင်းပစ်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ဘောလုံးပစ်ပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသားကျောင်းသူလေးများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ၊ အသိပညာပေး ဟောပြောပေးသည့် စာရေးဆရာ စာရေးဆရာမများ အား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲကျင်းပ

လှည်းကူး နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှု၊ တိုင်းရင်းသားရေးရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနက ကြီးမှူး၍ တိုင်းရင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ်ဒေါင်းမြီးကွက်ကျေးရွာ၌ ကျင်းပသည်။



ဦးစွာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ဒေါင်းမြီးကွက်ကျေးရွာကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းရင်းသား ကျောင်းသား လူငယ်များအား ထူးချွန်စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများဖြစ်သည့် ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ အပြေး၊ အာလူးကောက်၊ ပန်းချီ၊ မုန့်စား၊ အပ်ချည်ထိုး၊ ပူဖောင်းဖောက်၊ ကဗျာရွတ်၊ ကျပန်း၊ တိုင်းရင်းသားနှင့်ပတ်သက်သည့် ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပ၍ ဆုရရှိသူများအားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၁ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့်နေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

## ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ(၁၅)ဖြင့် တောင်းဆို၍ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၁၅-၉-၂၀၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပတွင် ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း မိမိရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် သင့်လျော်သောနေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း မဲရုံပေါင်း ၆၂၆ ရုံ လျာထားပြီး မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေး နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိ ကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း ၂၄၅ ခုတွင် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ဝင် ၁၈၈၃ ဦးဖြင့်ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများအထိ မဲစာရင်းကို ကပ်ထားကြေညာ ပေးသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရန် အဓိက ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နေပြည်တော်အတွင်း မဲစာရင်း မှန်ကန်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## မုဒုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်



မုဒုံ နိုဝင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ယမန်နေ့က အထက(၁)၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် အချိန်ကာလ၊ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်အကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့၏ တာဝန်နှင့်ဝတ္တရာများ အကြောင်းအရာကို ရှင်းလင်းပြောကြား၍ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ လေးဦးနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံဖြည့်သွင်းရမည့်ပုံစံများ၊ မဲရုံပုံစံခင်းကျင်း၍ လက်တွေ့ စမ်းသပ်မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး မဲရုံမှူး ၁၀၀၊ ဒုတိယမဲရုံမှူး ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



## ကျိုက်မရောမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

ကျိုက်မရော နိုဝင်ဘာ ၂၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယနေ့နံနက်ပိုင်းက အထက (ကျိုက်မရော) ပညာ့အားမာန်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)ဝင် ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေ၊ မဲရုံမှူးများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင်ကြားပို့ချပေးသည်။

ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိ ဒေါ်စန္ဒာဝင်းက ရှင်းလင်းပို့ချသည်။ အဆိုပါ သင်တန်းကို သင်တန်းသားသင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ပြီး နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၏ အထူးနေ့လယ်စာစားပွဲ တက်ရောက်



**မော်လမြိုင် နိုဝင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပသည်။

ဆုပေးပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား ဒူးအောက်တစ်ဖက်မီတာ (၁၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသား ဝှီးချဲမီတာ (၁၀၀) ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသည့် ပြိုင်ပွဲဝင်အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ကာ ဆုရအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးနှုတ်ဆက်သည်။

ထို့ပြင် မွန်ပြည်နယ်အနေဖြင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကိုဦးတည်၍ ပြည်နယ်အတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ သင်တန်းသား သင်တန်းသူများကို မိသားစုသဖွယ် ချစ်ခင်လေးစားဂုဏ်ပြုသောအားဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)၏ အထူးနေ့လယ်စာစားပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လှူဒါန်းငွေများပေးအပ်မှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွသုံးဆောင်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပိုလီတက္ကနစ်တက္ကသိုလ်(ကျိုင်းတုံ)၌ သင်တန်းများ စတင်ဖွင့်လှစ်သင်ကြား



**ကျိုင်းတုံ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ Polytechnic University (Kyaing Tong) တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သင်တန်းများကို နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Polytechnic University (Kyaing Tong) တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမနှစ် ဝင်ခွင့်ရရှိသူ အင်ဂျင်နီယာဘာသာရပ်အတွက် ၆၁ ဦး၊ ကွန်ပျူတာဘာသာရပ် အတွက် ၄၆ ဦး စုစုပေါင်း ၁၀၇ ဦး အား Polytechnic University (Kyaing Tong) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ကျောင်းသား ကျောင်းသူများက အလုပ်ရုံများအား လေ့လာကြသည်။

Polytechnic University (Kyaing Tong)တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ အင်ဂျင်နီယာဘာသာရပ်တွင် ၃၁၇ ဦး၊ ကွန်ပျူတာဘာသာရပ်တွင် ၁၄၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၅၇ ဦး တက်ရောက်ပညာသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ်(ရမည်းသင်း)၌ ဘွဲ့ကြိုအင်ဂျင်နီယာသင်တန်းများ စတင်ဖွင့်လှစ်



**ရမည်းသင်း နိုဝင်ဘာ ၂၆**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ် (ရမည်းသင်း) ၌ နိုဝင်ဘာ ၂၄ ရက်မှ စတင်ကာ ကျောင်းဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

**သင်ကြားပေးလျက်**

အဆိုပါ တက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဘွဲ့ကြိုအင်ဂျင်နီယာ သင်တန်းများကို နိုဝင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်ဌာနမှူး ဆရာ ဆရာမများက နွေးထွေးစွာကြိုဆိုပြီး ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မင်းဘူးမြို့ မန်းရေနံမြေလုပ်ငန်းခွင်မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**မင်းဘူး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မန်းရေနံမြေဧရိယာရှိ ရေနံစိမ်းသိုလှောင်ကန်များ မီးဘေးလုံခြုံရေးနှင့် မန်းရေနံမြေလုပ်ငန်းခွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စစ်ဆေးခြင်းကို မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်ပြီး မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မန်းရေနံမြေမှ တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ရေနံမြေ လုပ်ငန်းခွင်အတွင်း အရန်သင့်ထားရှိရမည့် မီးသတ်ဆေးဘူးအရွယ်အစားနှင့် အရေအတွက်၊ ရေလှောင်ကန်၊ ရေစုကန်၊ ရေပိုက်လိုင်းများနှင့် အရေးပေါ်အပေါ့စား မီးငြိမ်းသတ်စက်များ အရန်သင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဟောင်းနွမ်းသော မီးသတ်ဆေးဘူးများ အသစ်လဲလှယ်ထားရှိရေးနှင့် လိုအပ်သောမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းထားရှိရေးကို အကြံပြုဆွေးနွေးမှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၌ ပထမနှစ်ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ဆက်



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) တွင်၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၂၄ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ၏ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်နှင့် မော်ကွန်းထိန်းတို့က မောင်မယ်သစ်လွင်များအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်းဆက် အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်က ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုသာမက စည်းကမ်းရှိ၍ လွတ်လပ်ပျော်ရွှင်စွာ ပညာဆည်းပူးသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။ ယနေ့အထိ ကျောင်းအပ်နှံသူ ၁၁၁ ဦးရှိပြီး ကျောင်းအပ်နှံမှုများကိုလည်း ဆက်လက်လက်ခံလျက်ရှိကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်တွင် ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ အတွက် ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှု နည်းပညာစသည့် အဓိကဘာသာရပ် သုံးခုဖြင့် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

ဇာနည်ကိုကို (ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂)ထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့်ဖြိုဖျက်ပြီး တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်အမှတ် C – 11 အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

✣ ကျောဖုံးမှ

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်း တရားမဝင်အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၄၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆောက်အအုံ ၄၁ လုံးအတွင်း ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခြင်း မရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ခဲ့ပြီး အဆောက်အအုံများ၊ လမ်းဆုံလမ်းခွများ၌ ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၈၁ ဦး၊ မလေးရှားနိုင်ငံသား ခြောက်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ဆီရာလီယွန်နိုင်ငံသား နှစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၉၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၄၄ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၆၈၇ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တရားမဝင် နိုင်ငံခြားသားများ ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၅)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၉)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၇)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၈)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# မကွေးမြို့၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မကွေး နိုဝင်ဘာ ၂၆

ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသော ဆရာ ဆရာမများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ကာကွယ်ဆေးအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံထားပါက အသက် (၁၃) နှစ်မှ (၁၈) နှစ်အတွင်းရှိ မိန်းကလေးများတွင် ကင်ဆာဖြစ်စေသည့် သားအိမ်ခေါင်းကင်ဆာ ဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်း ၈၃ ရာခိုင်နှုန်း လျော့ချနိုင်မည်ဖြစ်ပြီး အသက် (၁၅) နှစ်မှ (၁၉) နှစ်အရွယ် မိန်းကလေးများတွင် အဖြစ်များသည့် ကနဦးကင်ဆာဖြစ်ပွားမှုနှုန်းကို ၃၁ ရာခိုင်နှုန်းအထိ လျော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းဖွင့်လှစ်

ထန်းတပင် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အမှာစကား ပြောကြားသည်။



ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးသက်ဦးဟန်က သင်တန်းပို့ချရာ မဲရုံမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဒုတိယမဲရုံမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲပေးစက် လုပ်ငန်းစဉ်များနှင့် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူ ၆၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘုတ်ပြင်းမြို့၌ မဲရုံမှူး၊ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်လှစ်

ဘုတ်ပြင်း နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ဘုတ်ပြင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘုတ်ပြင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူများအား ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ဆောင်ရန်ရှောင်ရန်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်ကဏ္ဍများနှင့် အီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသင်ကြားသွားမည်ဖြစ်ရာ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိတို့က သင်ခန်းစာများကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နတ်တလင်းမြို့၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး

နတ်တလင်း နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ



ဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ရွှေလင်းဘိုးဘွားရိပ်သာ၌ ဆောင်ရွက်သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာအေးအေးသန့်၏ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက အဘိုးအဘွား ၅၀ အား မကူးစက်တတ်သောရောဂါများရှာဖွေဖော်ထုတ်ကုသနိုင်ရန် ဆီးချိုစစ်ခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ ခါးလုံး ပတ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ နှလုံးရောဂါဖြစ်နိုင်ခြေများတွက်ချက်၍ ကုသမှုပေးခြင်းတို့အပြင် နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုးဖြစ်ပွားမှုလျော့ချနိုင်ရေး ကျန်းမာသောဘဝနေထိုင်မှုပုံစံများကို အသိပညာပေးဟောပြောခဲ့ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

# ဟုမ္မလင်းမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

ဟုမ္မလင်း နိုဝင်ဘာ ၂၆

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံတာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်နိုင်စေရန် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းတွင် ဟုမ္မလင်းမြို့နယ် ဥပဒေအရာရှိ ဦးစောလင်းအောင်က ပါတီစုံ



ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ဟုမ္မလင်းမြို့နယ်အတွင်းမှ မဲရုံမှူး၊ ဒုမဲရုံမှူး တာဝန် ထမ်းဆောင်ကြမည့် သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်ပြည်သူများစာရင်း ကပ်ထားကြေညာထားရှိမှု ကွင်းဆင်းကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများ ရပ်ကွက်၊ ကျေးရွာများအလိုက် ကပ်ထားကြေညာထားရှိမှုကို နိုဝင်ဘာ ၂၅ ရက်တွင် ဥဩချောင်ကျေးရွာ ခရေ(၆) လမ်းရှိ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြသောင်းတို့က မဲစာရင်းကပ်ထားမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အမေရိကန်နိုင်ငံတစ်ဝန်းရှိ အမျိုးသားဥယျာဉ်များ၏ဝင်ကြေးငွေကို နိုင်ငံခြားသားများအတွက် တိုးမြှင့်ကောက်ခံမည်



ဝါရှင်တန် နိုဝင်ဘာ ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက နိုင်ငံတစ်ဝန်းရှိ အမျိုးသားဥယျာဉ်များ၏ ဝင်ကြေးငွေကို လာမည့်နှစ် ဇန်နဝါရီ ၁ ရက်မှစပြီး နိုင်ငံခြားသားများအတွက် တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

နာမည်ကြီးအမျိုးသားဥယျာဉ် ၁၁ ခုသို့ သွားရောက်လည်ပတ်မည့် နိုင်ငံခြားသားများအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀ ထပ်မံတိုးမြှင့်ပေးဆောင်ရမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထဲရေးဌာနက ယနေ့ကြေညာခဲ့သည်။ အမျိုးသားဥယျာဉ်များအတွက် တစ်နှစ်စာ ဝင်ကြေးကို အမေရိကန်ဒေါ်လာ ၈၀ မှ ၂၅၀ အထိ တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းခြံ ၁၁ ခုတွင် Grand Canyon နှင့် Yellowstone တို့ ပါဝင်သည်။

အမျိုးသားဥယျာဉ်စနစ်အား ပံ့ပိုးပေးလျက်ရှိသည့် အမေရိကန်အခွန်ထမ်းပြည်သူများအနေဖြင့် ယခင်အခကြေးငွေအတိုင်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး နိုင်ငံတကာမှ လာရောက်လည်ပတ်သူများက ပန်းခြံများကို ပိုမိုကောင်းမွန်လာစေရန်အတွက် မျှတသောဝင်ကြေးကို ပေးဆောင်ရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဒေါ့ဘာဂမ်က ပြောကြားခဲ့သည်။

ဥယျာဉ်များ၏ဝင်ကြေးနှုန်းထား တိုးမြှင့်မှုသည် ဇူလိုင်လတွင် သမ္မတထရမ့်လက်မှတ်ရေးထိုးခဲ့သည့် အမိန့်နှင့်အညီဖြစ်ပြီး ၎င်း၏ "အမေရိကသည်သာ ပထမ" မူဝါဒကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည်။

ကိုးကား - အင်န်အီတီဗျူကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ ဟနွိုင်းတွင် လျှပ်စစ်ဆိုင်ကယ်ဝယ်ယူပါက ဆုကြေးပေးမည့်အစီအစဉ် ဆောင်ရွက်

ဟနွိုင်း နိုဝင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံ ဟနွိုင်းတွင် လောင်စာသုံးဆိုင်ကယ်လက်ဝယ်ရှိသူများအား လျှပ်စစ်ဆိုင်ကယ်ပြောင်းလဲဝယ်ယူပါက ဆုကြေးပေးသည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်တွင် ဒေသခံများနှင့် ဟနွိုင်းတွင် နှစ်နှစ်ကြာနေထိုင်ခဲ့သူများ ပါဝင်မည်ဖြစ်သည်။ ဒေသခံများအနေဖြင့် ဒေါင် ၁၀ သန်းတန် လျှပ်စစ်ဆိုင်ကယ်တစ်စီးဝယ်ယူပါက ဗီယက်နမ်ဒေါင် ငါးသန်းကို ပံ့ပိုးပေးမည်ဖြစ်သည်။

ဒေသခံတစ်ဦးချင်းစီအနေဖြင့် လျှပ်စစ်ဆိုင်ကယ်တစ်စီးဝယ်ယူသည့်အတွက် ၂၀၃၀ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပံ့ပိုးငွေခံစားခွင့်ရှိသည်။ လျှပ်စစ်ဆိုင်ကယ်များအတွက် ယာဉ်မှတ်ပုံတင်ခနှင့် နံပါတ်ပြားတပ်ဆင်ခတို့ကို ၅၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးမည်ဖြစ်သည်။

ဟနွိုင်းတွင် ၂၀၂၆ ခုနှစ် ဇူလိုင်မှစတင်၍ ဓာတ်ငွေ့သုံးဆိုင်ကယ်များကို ပိတ်ပင်မည်ဖြစ်ကာ ရပ်ကွက်လောင်စာသုံးယာဉ်များကို ၂၀၃၀ ခုနှစ်တွင် ပိတ်ပင်မည်ဖြစ်သည်။

ကိုးကား - VN Express၊ ဘာသာပြန် - စိုးသူရ

# ဟောင်ကောင်မြောက်ပိုင်းရှိ အထပ်မြင့်အဆောက်အအုံတစ်ခု မီးလောင်၍ ၁၃ ဦးသေဆုံး

ဟောင်ကောင် နိုဝင်ဘာ ၂၆

ဟောင်ကောင် မြောက်ပိုင်းရှိ အထပ်မြင့် အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၃ ဦး သေဆုံးခဲ့ကြောင်း မီးသတ်အရာရှိများက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီမထိုးမီအချိန်တွင် တိုင်ပိုခရိုင်ရှိ အထပ်မြင့်အဆောက်အအုံ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အထပ်မြင့်အဆောက်အအုံကြီးကို အဆောက်အအုံငယ်ရှစ်ခုဖြင့် ဖွဲ့စည်းထားပြီး လူနေခန်းပေါင်း ၂၀၀၀ ခန့်ရှိကြောင်း ဒေသခံမီဒီယာများက ပြောသည်။



အနက်ရောင် မီးခိုးငွေ့များနှင့် မီးတောက်များ ကောင်းကင်ယံသို့ တလိပ်လိပ်တက်နေသည်ကို မှတ်တမ်းတင်ဗီဒီယိုများတွင် တွေ့မြင်နိုင်သည်။ ဒေသစံတော်ချိန် ည ၇ နာရီအထိ မီးမငြိမ်းသေးကြောင်း ဒေသခံများက ပြောကြားသည်။

မီးငြိမ်းသတ်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိပြီး ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း မီးငြိမ်းသတ်ရေး တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - အင်န်အီတီဗျူကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တူကီယဲအာဏာပိုင်များက အိုင်အက်စ် စစ်သွေးကြွအဖွဲ့နှင့် ဆက်နွယ်သူ ၁၄ ဦးကို ဖမ်းဆီး

အစ္စတန်ဘူလ် နိုဝင်ဘာ ၂၆

တူကီယဲအာဏာပိုင်များက အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ဆက်နွယ်သူ ၁၄ ဦးကို ယနေ့ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ဖောက်ခွဲရေးပစ္စည်းများဝယ်ယူကာ အကြမ်းဖက်မှုတစ်ခုပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့သည် နေရာအများအပြားကို တစ်ပြိုင်နက်ဝင်ရောက်စီးနင်းခဲ့သည်။ အဖွဲ့စ်တယ် အထောက်အထားများ၊ လိုင်စင်မဲ့သေနတ်တစ်လက်နှင့် ကျည်အတောင့် ၉၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း အစ္စတန်ဘူလ်ခရိုင်ရှေ့နေရုံးက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ သံသယရှိသူများအား ဆက်လက်စစ်ဆေးမေးမြန်းရန်နှင့် တရားဥပဒေအရအရေးယူရန် ထိန်းသိမ်းထားသည်။ တူကီယဲက အိုင်အက်စ်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီးနောက် ယင်းအဖွဲ့၏ တိုက်ခိုက်မှုများစွာကို ခံစားခဲ့ရသည်။ တုံ့ပြန်သည့်အနေဖြင့် ပြည်တွင်းပြည်ပတွင် အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်ရေးများအပြားကို လုပ်ဆောင်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် -အောင်ကျော်ကျော်

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်၊ အရေးပေါ်အခြေအနေကြေညာ

ဗန်ကောက် နိုဝင်ဘာ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ကလာပြည်နယ်တွင် နိုဝင်ဘာ ၂၅ ရက်က ရေကြီးရေလျှံမှုဖြစ်ခဲ့သဖြင့် ဝန်ကြီးချုပ် အနုတင် ချာဗီရာကားက အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း သိရသည်။

၎င်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ခဲ့သဖြင့် ထိခိုက်ပျက်စီးခြင်းများ ရှိခဲ့သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရက စီမံခန့်ခွဲရေးစင်တာကို ဖွင့်လှစ်ကာ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ယခုဖြစ်ပွားသည့် ရေကြီးရေလျှံမှုသည် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်ကိုးခုရှိဒေသခံ ၂ ဒသမ ၂၀ သန်းကို ထိခိုက်ခဲ့ကာ ၁၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အရှေ့မြောက်ဒေသတွင် ဖြစ်ပွားသည့် မုတ်သုံရာသီဥတုနှင့် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားတွင် ဖြစ်ပွားသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း သိရသည်။



ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံရှိလေဆိပ်များတွင် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းအလိုအလျောက်စစ်ဆေးသည့်စနစ် ဆောင်ရွက်

ဂျကာတာ နိုဝင်ဘာ ၂၆

အင်ဒိုနီးရှားနိုင်ငံ လေဆိပ်များရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင် ခရီးသည်များရပ်တန့်၍ စစ်ဆေးခံရန် မလိုအပ်သည့် biometric "seamless corridor" system ဟုအမည်ရသည့် စနစ်တစ်ခုကို ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

ညဏ်ရည်တုနည်းပညာ အသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ယခု ဆောင်ရွက်ချက်သည် နိုင်ငံအတွင်း ဆောင်ရွက်နေသည့် အောလ်အင်ဒိုနီးရှား အစီအစဉ်၏ ကဏ္ဍတစ်ခုဖြစ်ကာ နိုင်ငံအတွင်းရောက်ရှိလာသည့် နိုင်ငံတကာခရီးသည်များ၏ ပြည်ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များကို လွယ်ကူစေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂျကာတာလေဆိပ်၌ ၎င်းစကြိုးနှစ်ခုကို တည်ထောင်ထားကာ တတိယစကြိုးကို ဆူရာဗာယာလေဆိပ်တွင် တည်ထောင်မည် ဖြစ်သည်။ ၎င်းစကြိုးများ၏ လုပ်ငန်းဆောင်ရွက်ချက် ပထမအဆင့်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများအား ဖြတ်သန်းခွင့်ပေးမည်ဖြစ်ကာ ဖြတ်သန်းခွင့်ကို အောလ်အင်ဒိုနီးရှား အက်ပလီကေးရှင်းမှတစ်ဆင့် မှတ်ပုံတင်ရမည်ဖြစ်သည်။ ယခုဆောင်ရွက်သည့်စနစ်သည် ခရီးသည်များအား စာရွက်စာတမ်းလိုအပ်ချက်နှင့် တန်းစီစောင့်ဆိုင်းရသည့်စနစ်ကို လွှမ်းမြောက်စေမည်ဖြစ်သည်။

ကိုးကား - VN Express
ဘာသာပြန် - စိုးသူရ

# အီရန်နိုင်ငံမြို့တော် တီဟီရန်တွင် လေထုညစ်ညမ်းမှုဖြစ်

တီဟီရန် နိုဝင်ဘာ ၂၆

အီရန်နိုင်ငံမြို့တော် တီဟီရန်တွင် လေထုညစ်ညမ်းမှုဖြစ်ခဲ့သဖြင့် နိုင်ငံသားများ၏ ကျန်းမာရေးအတွက် စာသင်ကျောင်းများနှင့် တက္ကသိုလ်များကို ပိတ်ထားရန်နှင့် လုပ်ငန်းများအားလုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို အိမ်မှအလုပ်လုပ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

တီဟီရန်ဒေသရှိ ပါရွကက်ခရိုင်မှလွဲ၍ စာသင်ကြားရေးလုပ်ငန်းများကို အွန်လိုင်းမှဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းဖြစ်သည့် လေထုညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့က သတ်မှတ်ခဲ့ကြောင်း အီရန်တရားဝင်သတင်းအေဂျင်စီ အိုင်နာက ပြောသည်။ ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ တပ်မတော်ရေးရာနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်သူများမှအပ အခြားအစိုးရရုံးများနှင့် ပုဂ္ဂလိကရုံးများရှိလုပ်သားများအား အိမ်မှလုပ်ငန်းလုပ်ခွင့်ပြုခဲ့သည်။

ဘဏ်များအား အကန့်အသတ်ဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကာ ယာဉ်အသွားအလာများကို ကန့်သတ်မည်ဖြစ်သည်။ မြို့တော်တီဟီရန်ရှိ လေထုအညွှန်းကိန်းသည် နိုဝင်ဘာ ၂၄ ရက်က ကျန်းမာရေးထိခိုက်စေသည့် အခြေအနေသို့ရောက်ရှိခဲ့သည်။ မြို့တော်တီဟီရန်ရှိ စက်ရုံများသည် လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးနှင့် အသားရိက္ခာဖူလုံပိုလျှံရေး စီမံဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ငါးလုပ်ငန်းသိပ္ပံ (တွံတေး)မှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍအတွက် အရေးပါသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး ကြိုးစားအားထုတ်ကြရန်ပြောကြားပြီး ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်နေမှု၊ ထမင်းစားဆောင် တိုးချဲ့တည်ဆောက်နေမှုနှင့် သင်တန်းနည်းပြ ဆရာမအဆောင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် လှိုင်သာယာမြို့နယ်(အနောက်) မွေးမြူရေးဇုန်(၅)ရှိ သားသတ်ရုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် ရောဂါကင်းရှင်းသည့် ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် စွန့်ပစ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းသုံးနှင့် ပျားထွက်ပစ္စည်းဖွံ့ဖြိုးရေးဌာနစု၏ ပျားလုပ်ငန်းသုံးပစ္စည်းအလုပ်ရုံ၊ ပျားထွက်ပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပျားရည်ပျားဖယောင်းသန့်စင်အလုပ်ရုံများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ ပျားဘုရင်မမွေးမြူရေးအိမ်အမျိုးမျိုး၊ ပျားဘုရင်မလှောင်အိမ်အမျိုးမျိုး၊ ပျားသလက်ပေါင်များ၊ ပြခန်းသုံးပျားအိမ်များဖြစ်သည့် ပျားမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံ ပြန်လည်ထုတ်လုပ်ရန် လျာထား ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားပို့ကုန် သန့်စင်ပြီး ပျားရည်များ၏ အရည်အသွေးစံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်ရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

နိုဝင်ဘာ ၂၄ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ Yangon Pauk 56 Company Limited ၏ တီလားပီးယား၊ ငါးတန်နှင့် ငါးမြစ်ချင်း ငါးများမွေးမြူထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ သဘာဝငါးသယံဇာတများ ပြန်လည်ဖြည့်တင်းပေးနိုင်ရန်နှင့် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျောင်းကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**အသိပညာပေး**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များ အကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့ လျှော့ချရေးအတွက် Fire Hotspots များ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများမပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ သစ်တောများ ထိန်းသိမ်းရေး အကြောင်းနှင့် သစ်တောမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ အကြောင်းကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများကို အသိပညာပေးဟောပြောခဲ့ကာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ညောင်တုန်းမြို့နယ်၌ ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်စိုက်ပျိုးပွဲကို ဆားမလောက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ နိုဝင်ဘာ ၂၄ ရက်က ပြုလုပ်သည်။

စိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က တောင်သူများအား ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျာထားစိုက်ဧက ပြည့်မီကျော်လွန်၍ အထွက်နှုန်းတိုးစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းကာ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာအသုံးပြု စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်းပြောကြား၍ တောင်သူ ဦးကျင်လှိုင်၏ လယ်မြေ သုံးဧကတွင် ဆီထွက်သီးနှံနေကြာ ရေဆင်းစပ်မျိုး(၁) နှစ်ဧကနှင့် ပဲပုပ်တစ်ဧကကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက စိုက်ပျိုးကြပြီး မြို့နယ်အတွင်း ဆီထွက်သီးနှံများ လျာထားစိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ ဆောင်းဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

**မြောင်းမြ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကွယ်လွယ်ကျေးရွာရှိ တောင်သူ ဦးခင်စိုး၏ လယ်မြေ၌ ဆောင်းဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ နေကြာငါးဧကနှင့် ပဲပုပ်ငါးဧက မျိုးစေ့ချ စိုက်ပျိုးခြင်း ဆောင်ရွက်မှုကို မြောင်းမြခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုခဲ့ပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဇေယျာ (မြောင်းမြ)**

# ငပုတောမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေး ကျင်းပ

**ငပုတော နိုဝင်ဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် သမဝါယမအသင်းစု လီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစု လီမိတက် ရုံးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် သဘာပတိ ဦးရဲမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာအေးက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်အစီရင်ခံစာအား တာဝန်ရှိသူများက တင်ပြကြကာ တက်ရောက်လာသော ကိုယ်စားလှယ်များထံမှ အတည်ပြုချက်များ ရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တွံတေး နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်၊ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ (မြို့ပြ)နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၄ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

■



# မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၆**

မြဝတီမြို့တွင် လူမှုကွန်ရက် အသုံးပြုကာ လိုင်စင်မဲ့ယာဉ်များ အရောင်းအဝယ် ပြုလုပ်နေသူ တစ်ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထိုသို့ လိုင်စင်မဲ့ယာဉ်/ဆိုင်ကယ်များ တရားမဝင် ရောင်းဝယ်အသုံးပြုခြင်းများအား တာဝန်ရှိသူများက စိစစ်ဖော်ထုတ်ဖမ်းဆီးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ TikTok လူမှုကွန်ရက်စာမျက်နှာ၌ @naungminsatt အကောင့်ဖြင့် လိုင်စင်မဲ့ယာဉ်များ ပြသကာ အရောင်းအဝယ်ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် အဆိုပါအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ @naungminsatt အကောင့်ပိုင်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နောင်မင်းဆက် (၂၆)နှစ်ဖြစ်ကြောင်း သိရှိရပြီး ၎င်းမှာ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သစ်တပင်လမ်း အမှတ်(၄/ ၀၀၃၈)၌ နေထိုင်ကာ ခြံဝင်းအတွင်း၌ လိုင်စင်မဲ့ယာဉ်များ ထားရှိ၍ အရောင်းအဝယ် ပြုလုပ်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ နောင်မင်းဆက်အား အဆိုပါခြံဝင်းအတွင်းမှ YGN-7 1P-4273 TOYOTA LEXUS၊ KYN-4 9K-6698 BMW၊ KYN-7 5K-6318 TOYOTA LEXUS အမျိုးအစား လိုင်စင်မဲ့ယာဉ် သုံးစီး၊ စိစစ်ဆဲယာဉ်တစ်စီး ပေါင်း လေးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်နှင့် ဖမ်းဆီးရမိယာဉ်များ၏ မှတ်တမ်းဓာတ်ပုံ။

လိုင်စင်မဲ့ယာဉ်များကို လူမှုကွန်ရက်အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်အား မြဝတီမြို့မရဲစခန်း(ပ) အမှတ် ၂၆၈/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းနှင့် အလားတူ အကောက်ခွန်မဲ့ တရားမဝင် လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ စီးနင်းအသုံးပြု၊ အရောင်းအဝယ် ပြုလုပ်ခြင်းများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဝန်းသိုမြို့၌ ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး အသိပေးနှိုးဆော်

**ဝန်းသို နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေး ယမန်နေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် သုံးဘီးဆိုင်ကယ်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိဦးနိုင်လင်းဖြိုးဦးဆောင်ကာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက စစ်ကဲကြီးရပ်ကွက်၊ ကျမိုင်းကြီးရပ်ကွက်၊ စော်ဘွားကြီးရပ်ကွက်နှင့် ရွှေဝန်းသီတာရပ်ကွက်လမ်းများတစ်လျှောက် မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ရမည့်စည်းကမ်းချက်များကို အသိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

## မြိတ်မြို့၌ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**မြိတ် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် စက်ရုံမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို အင်းလေးမြိုင်စက်မှုဇုန်ရှိ အဆောင်ကောင်းကုမ္ပဏီ၊ အအေးခန်းနှင့် ငါးအမှုန့်ကြိတ်စက်ရုံတွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့နှင့် စက်ရုံဝန်ထမ်းများပူးပေါင်း၍ ယမန်နေ့က ပြုလုပ်သည်။

ဇာတ်တိုက်လေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့နှင့် စက်ရုံဝန်ထမ်းများပူးပေါင်း၍ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ လေကားတင်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် ပြုလုပ်ခဲ့ကြသည်။ ဇာတ်တိုက်လေ့ကျင့်မှုအပြီးတွင် ဇာတ်တိုက်လေ့ကျင့်ခြင်း၏ အားသာချက်၊ အားနည်းချက် ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**





## ကျွန်းစုမြို့နယ်၌ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ကျွန်းစု နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် လင်မလိုကြီးကျေးရွာနှင့် သဲတန်းကြီးကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်မည့် ကျေးရွာချင်းဆက် လင်မလိုကြီး-သဲတန်းကြီး မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကျပ်သိန်း ၆၀၀ ကျော်ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်ပြီးစီး**

အဆိုပါလမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၆၂၃ ဒသမ ၇၂၀ သန်းဖြင့် ကျေးရွာချင်းဆက်မြေသားလမ်း အကျယ်ပေ ၃၀၊ အရှည် ၆ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ဩဂုတ်လမှစတင်ကာ ဆောင်ရွက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြိတ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က နိုဝင်ဘာ ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး အသိပေးနှိုးဆော်



**လပွတ္တာ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၆) ရပ်ကွက် ရွှေနဒီရေပေါ်ဈေးမှ စတင်၍ ယနေ့နံနက် ၈ နာရီက လေပြင်းဘေးနှင့် မိုးကြိုးဘေး အန္တရာယ် ကြိုတင်ပြင်ဆင်ရေး နှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်းများ၊ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေသည်။

**ကြည့်ရှုအားပေး**

အသိပညာပေး လုပ်ငန်း ဆောင်ရွက်ခြင်းများကို လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်းအဖွဲ့များ၊ မီးသတ်ဦးစီးဌာနနှင့်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ လပွတ္တာမြို့နယ်အတွင်းရှိ ဈေးသွားဈေးလာ ပြည်သူများ၊ ဘုရားဖူးလာပြည်သူများ၊ လူစည်ကားရာနေရာများတွင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေး နှိုးဆော်ခြင်းများ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ ဆောင်ရန်ရှောင်ရန် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေလျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

သစ်တော
မှန်လျှင်
အသုံးဝင်၊
အစဉ်ထာဝရ
ထိန်းသိမ်းကြ



မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်ထွေး ဦးဆောင်သည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နိုဝင်ဘာ ၂၄ ရက်က သထုံမြို့ပေါ်ရှိ ရော်ဘာမှိုင်းခံရုံများ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)



ညောင်ဦးမြို့ အမှတ် ၆ ရပ်ကွက် တက်သိမ်းရပ်အတွင်းရှိ HTOO စက်သုံးဆီအရောင်းဆိုင် မီးဘေးလုံခြုံရေးအတွက် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မင်းသူဦးဆောင်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ ဆောင်ရွက်ပေးစဉ်။ ဒီပါလင်း

❏ ဆိုင်ကလုန်းမှ

ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ" သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၄ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၇ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်း ခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ" သည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းအထိ အနောက် - အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ထိုမှတစ်ဆင့် အရှေ့ဘက်သို့ပြန်ကွေ့ကာ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ"၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေ ခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဆန်ယာ"၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




# ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော M Pride Co., Ltd. မှ အာမခံအလုပ်သမား ဦးဒိုခန့်ထန်သည် မန္တလေးမြို့တွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ် မြေလျှောကြောင့် အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဦးဒိုခန့်ထန်၏ သေဆုံးမှုနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၂(စ)နှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀၀ ကို ဦးဒိုခန့်ထန်၏ဇနီး ဒေါ်ဇာနည်ထွန်းအား အလုပ်ဌာနတာဝန်ခံများ၊ အလုပ်သမားညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။




**စိမ်းလဲ့(ပြန်/ဆက်)**

❖ ချယ်လ်ဆီးအသင်းမှ

ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်အမှတ်ပေးဇယားအဆင့်(၅)နေရာကို ယာယီတက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ အိမ်ကွင်းအီတီဟက်ဒ်မှာ လေဗာကူဆင်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပွဲထွက်ခဲ့တဲ့ကစားသမားတွေကို ၁၀ ဦးအထိ အပြောင်းအလဲလုပ်ကာ လေဗာကူဆင်အသင်းနဲ့ပွဲစဉ်မှာ ပွဲထွက်လာခဲ့ပေမယ့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ဘင်ဖီကာအသင်းက အေဂျက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ယူနီယံစိန့်ဂီလွိုက်အသင်းက ဂါလာတာစာရေးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂျူဗင်တပ်အသင်းက ဘိုဒိုအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဒေါ့မွန်အသင်းက ဗီလာရီးယဲလ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ မာဆေးလ်အသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ နာပိုလီအသင်းက ကာရာဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် အနိုင်ရရှိတာဖြစ်ပြီး ဆလာဗီယာပရက်အသင်းနဲ့ ဘီဘာအိုအသင်းတို့ ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ ရက်က ညောင်လေးပင်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်စဉ်။

၂၁၄




မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ပါရှိသည့် မီးဘေးလုံခြုံရေးအဖွဲ့တို့ သံဖြူဇရပ်မြို့ အမှတ်(၁)မြို့မဈေးကြီး မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အောင်လံမြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအတွင်း နိုဝင်ဘာ ၂၅ ရက်တွင် မီးဘေးလုံခြုံရေးအသိပေး အကြံပြုစစ်ဆေးစဉ်။

မျိုးသိန်း(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင် မီးသတ်ဦးစီးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘွေမောင်းထန်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့သို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်







**နေပြည်တော် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျုံကူးကျေးရွာမှ ပြန်လည်ထွက်ခွာ၍ ငပုတောမြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဝင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၃၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၅၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ၊ မျက်စိရောဂါ ၇၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ရှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် -

လက်မောင်းက အနာက တော်တော် အခက်အခဲဖြစ်တယ်။ တော်တော်နာပြီး ပြည်တွေပေါက်သွားမှ သက်သာတယ်။ ဒူးခေါင်းကလည်း နာတော့ အရိုးပွတဲ့ဆေးတွေကိုပဲ သောက်နေရတယ်။ အဲ့တာမှ သက်သာတာကို။ သွားကလည်း ပလက်တီနမ် စိုက်တာတွေက အစတွေဝင်ပြီးတော့ ထမင်းလည်းမဝါးနိုင်ဘူး။ ရှေ့သွားနဲ့ပဲစားရတယ်။ အဲ့တာ အခုလုပ်ပေးထားတယ်။ သဘော်ပေါ်ခေါ်သွားပြီးတော့ လက်ကိုလည်း ထုံဆေးနဲ့ခွဲပေးမယ်တဲ့ နောက်တစ်ခေါက် တစ်လပိုင်းလာရင် ကျန်တဲ့သွားကို ပြန်နုတ်ပေးမယ်လို့ပြောတယ်။ ဆေးတွေလည်းပေးတယ်၊ သွေးဖောက်ယူထားတယ်၊ သွေးစစ်ပေးတယ်၊ ဆီးချိုစစ်ပေးတယ်။ နွေးနွေးထွေးထွေးရှိပါတယ်။ ဆရာမလေးတွေကလည်း လိုက်ပို့တယ်။ ဆရာဝန်လေးတွေကလည်းအကုန်အစုံ မေးစမ်းစစ်ဆေးပြီးတော့ ကုသပေးပါတယ်။ ဘာမှမကုန်ကျဘဲ လာပြီးကုသပေးတာကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ အားလုံးလည်း ကျန်းမာချမ်းသာကြပါစေ။

လမ်းမလျှောက်နိုင်လို့ အဲဒါလာပြတာ နာတဲ့အခါကျရင် လမ်းမလျှောက်နိုင်ဘူး။ မတ်တတ်ရပ်လို့ရှိရင်လည်း အကြာကြီး မရပ်နိုင်ဘူး။ ကျန်းမာရေးအခြေအနေကတော့ အရိုးကျီးပေါင်းဖြစ်တယ်လို့ ပြောတယ်။ ခုံမှာဒီလိုထိုင်ရမယ်၊ ကြာရင် လေ့ကျင့်ခန်းလုပ်ရမယ်၊ အဲဒီလိုပြောပါတယ်။ ဒီကိုလာရင် ကောင်းတယ်ပေါ့နော်၊ သူတို့က စေတနာပါပါနဲ့ လုပ်ပေးတယ်။ အိပ်လို့ရှိရင်လည်း ဒီအရိုးကြီးက အရင်က အဲလိုမပေါ်ဘူး။ အခုမှ အရိုးကြီးကပေါ်လာတာ။ ထိုင်ရင်ထရင်ကတော့ ဇတ်ခနဲ ထလို့မရဘူး။ ဒီလိုပဲ ဖြည်းဖြည်းလေး ထရတယ်။ လာပြီးတော့ကုသပေးတဲ့ ဆရာတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး







**နေပြည်တော် နိုဝင်ဘာ ၂၆**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ ဖြဟ္မဝိဟာရ ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၁၇ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၈ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာနှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

မျက်စိကတော့ နဂိုတုန်းကတော့အကောင်းပေါ့။ နောက်ပိုင်းကျ မျက်စိကကြီးလာပြီး တဖြည်းဖြည်းနဲ့ ပြာလာတယ်။ အခုကျမှခွဲရပါတယ်။ အခြားသွားရမှာနဲ့စာရင် အိမ်တိုင်ရာရောက်လာပြီးတော့ ဆေးကုသပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ နောက်ပြီးတော့လည်း ကြင်နာယုယမှုရှိပြီး နွေးထွေးပါတယ်။ ဂရုလည်းစိုက်ကြပါတယ်။ ပြည်သူလူထုကို နွေးထွေးတဲ့မေတ္တာနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်။

ကျွန်မရဲ့ရောဂါက ဆီးအောင့်တဲ့ရောဂါပါ၊ တံကောက်ကြောတွေလည်းနာပါတယ်။ အဲဒါကို လာရောက်ပြသခြင်း ဖြစ်ပါတယ်။ အစပ်တွေ ဘာတွေမစားပါနဲ့တဲ့ ရေများများ သောက်ပါတဲ့။ ဝမ်းသာတယ် အခုလိုလာပြီးတော့ ပြခွင့်ရတော့ အထူးလည်း ကျေးဇူးတင်တယ်။ အခုလိုလာပြတဲ့လူနာတွေလည်း အကုန်အဆင်ပြေပါတယ်။ အကုန်လုံးလည်း စစ်စစ်ဆေးဆေးနဲ့ သူတို့ကလုပ်ပေးပါတယ်။ ဘာမှလိုလေသေးမရှိပါဘူး။ ဆရာတွေကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈စီ၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ မြေကွက်အမှတ်- ၁၅၉ ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံရှိ တိုက်အမှတ်- ၁၅၊ မြေညီ(ခေါင်းရင်း)၊ အကျယ်အဝန်း(အနံ ၁၂ပေခွဲx အလျား ၄၀ပေ) ကြံခင်းလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော ရေ၊ မီးအစုံအလင်ပါရှိသည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၂၅-၁၁-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ် စရန်ငွေပေး သဘောတူကတိစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ကြည်ဖြူလှိုင် (ဘ) ဦးတိုးဝင်းမြင့် [၁၂/ကမရ(နိုင်)၀၆၃၃၉၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ယနေ့ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများဖြင့် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၇၄၇)**
**အမှတ်- (၂၂/ခ)၊ အောင်သုခလမ်း၊ တ/၁၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ဖုန်း- ၀၉-၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် ( ၁၀၅၇ )၊ အနော်ရထာလမ်း၊ ( ၅ )ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၁၀၅၇)၊ ဧရိယာ (၄၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဒေါ်ကြည်ကြည်လှ [၁၂/ရကန(နိုင်) ၀၀၅၆၈၀] အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် မြေကွက်၏ ခြေရင်းခြမ်း၊ မြေကွက်အမှတ် (၁၀၅၅) နှင့် ကပ်လျက်ဘက်ခြမ်း၊ (၂၀'x၆၀') အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၄၃၀၆)ကို အမည်ပေါက် ဒေါ်တင်တင်ဝေ (ဘ) ဦးအောင်နိုင်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၈/ရစက(နိုင်) ၁၈၅၆၈၂]မှ ဒေါ်ဖြိုးမြတ်မွန်လင်း (ဘ) ဦးမြင့်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ပသန(နိုင်)၁၇၆၉၂၇] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## ၂၀၂၅ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၉

ဒေါ်ခင်ချောမြတ် နှင့် ၁။ ဒေါ်စန်းစန်းမြင့်
၂။ ဦးထွန်းထွန်းဦး
၃။ ဦးသိုက်ထွန်း

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ်- ၂၉ နေ(၁)တရားပြိုင် ဒေါ်စန်းစန်းမြင့် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်-၆၉နေ (၂)တရားပြိုင် ဦးထွန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်တို့အပေါ်၌တရားလိုက "အခင်းဖြစ်မြေအားလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်လက်ရောက်ရလိုမှု" ဖြင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်တို့ကိုယ်စား ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ဒီဇင်ဘာလ (၁၆)ရက် [၁၃၈၇-ခုနှစ်၊နတ်တော်လဆုတ် (၁၂)ရက်] မွန်းတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ပါနေ့တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲထွဋ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်းနန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၉၄/ခ)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော Mini Condo အဆောက်အဦးရှိ အခန်းအမှတ်(မြေညီ/ဘီ)၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းမီနီကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြေပိုင်ရှင်နှင့် အခန်းပေး/အခန်းယူ ကတိစာချုပ်အရ ပိုင်ဆိုင်ထားသူ **ကန်ထရိုက်တာ ဦးဇော်လင်းခိုင်**[၁၂/တမန(ဧည့်)၀၀၀၃၃၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးဟိန်းမင်းလတ်** [၁၂/ဒပန(နိုင်)၀၄၈၆၆၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းမင်းလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၅၅၈)၊ ရွှေကံကော်လမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ **ဦးထိန်လင်း**(MTNT-၀၂၀၅၂၁) အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ကော်လီ**(KLN-၀၀၉၀၀၈) [၁၂/သဃက(နိုင်)၂၁၃၁၉၂]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်နှင်းအေးငြိမ်း** [၉/ပမန(နိုင်)၁၂၇၃၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအေးငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်) ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၂၁) ၏ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ) ဟုခေါ်တွင်တည်ရှိသော တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော (ရေ+လျှပ်စစ်မီး)အပါအဝင် တပ်ဆင်ထားသော ပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကိုကိုလွင် [၁၂/ဥကတ(နိုင်)၁၁၃၁၉၆]နှင့် ဒေါ်နုနုကြည် [၁၂/စခန(နိုင်)၀၂၉၅၅၁]တို့က ၎င်းတို့သာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၀၆၁၀၁၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)ရပ်ကွက်၊ ရောဝတီလမ်း၊ မြေကွက်အမှတ်(၅၆၅)ဟုခေါ်တွင်သော ဒေါ်မြင့်မြင့်စန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)မြေကွက်အနက်မှ (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်ဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၃၇၃)**
**အမှတ်(၄၇)၊ မင်းရဲကျော်စွာလမ်း၊ (၃) ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ 09- 450019587**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-၅၊ ဦးပိုင်အမှတ်- (၉၁)/၄၉x၅၀ လမ်းကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခိုင်ဂျူ [၁၃/လရန(နိုင်)၀၇၆၅၁၃]၊ (ကေကေအိုင်-၀၈၁၅၀၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၆၈/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှ [၁၃/တကန(နိုင်)၀၀၃၆၉၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

## နေပြည်တော်

## လူတွေ့နှုတ်ဖြေ ကျင်းပမည့်နေ့ရက် ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၁၅-၁၁-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့်(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်စာရင်းကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ဖြေဆိုသည့်ရာထူး - အငယ်တန်းအင်ဂျင်နီယာ(၂)(စက်မှု)၊ ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)
ဖြေဆိုရမည့်နေ့ရက် - ၃-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)
ဖြေဆိုရမည့်နေရာ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် - တပ်ကုန်း

| | | |
|---|---|---|
| ငယ်အင်ယာ(၂)(ရက)-၂၊ | ငယ်အင်ယာ(၂)(ရက)-၄၊ | ငယ်အင်ယာ(၂)(ရက)-၆၊ |
| ငယ်အင်ယာ(၂)(ရက)-၈၊ | ငယ်အင်ယာ(၂)(တက)-၁၊ | ငယ်အင်ယာ(၂)(တက)-၂၊ |
| ငယ်အင်ယာ(၂)(တက)-၅၊ | ငယ်အင်ယာ(၂)(တက)-၇၊ | ငယ်အင်ယာ(၂)(တက)-၈၊ |
| ငယ်အင်ယာ(၂)(တက)-၉၊ | ငယ်အင်ယာ(၂)(တက)-၁၀၊ | ငယ်အင်ယာ(၂)(တက)-၁၁၊ |
| ငယ်အင်ယာ(၂)(တက)-၁၂၊ | ငယ်အင်ယာ(၂)(တက)-၁၃၊ | ငယ်အင်ယာ(၂)(တက)-၁၅၊ |
| ငယ်အင်ယာ(၂)(တက)-၁၈၊ | ငယ်အင်ယာ(၂)(တက)-၂၀၊ | ငယ်အင်ယာ(၂)(တက)-၂၁၊ |
| ငယ်အင်ယာ(၂)(တက)-၂၂၊ | ငယ်အင်ယာ(၂)(တက)-၂၃၊ | ငယ်အင်ယာ(၂)(တက)-၂၄၊ |
| ငယ်အင်ယာ(၂)(တက)-၂၅၊ | ငယ်အင်ယာ(၂)(တက)-၂၆၊ | ငယ်အင်ယာ(၂)(တက)-၂၇၊ |
| ငယ်အင်ယာ(၂)(တက)-၂၈၊ | ငယ်အင်ယာ(၂)(တက)-၂၉၊ | ငယ်အင်ယာ(၂)(တက)-၃၀၊ |
| ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃ |
| ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၄ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၅ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၆ |
| ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၇ | ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၈။ | |

၃။ ဖြေဆိုသည့်ရာထူး - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)
ဖြေဆိုရမည့်နေ့ရက် - ၄-၁၂-၂၀၂၅ (ကြာသပတေးနေ့)
ဖြေဆိုရမည့်နေရာ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် - တပ်ကုန်း

| | | | |
|---|---|---|---|
| ရုပ်သံ(၂)(ရက)-၁၊ | ရုပ်သံ(၂)(ရက)-၂၊ | ရုပ်သံ(၂)(ရက)-၃၊ | ရုပ်သံ(၂)(တက)-၁၊ |
| ရုပ်သံ(၂)(တက)-၂၊ | ရုပ်သံ(၂)(တက)-၃၊ | ရုပ်သံ(၂)(တက)-၄၊ | ရုပ်သံ(၂)(တက)-၅၊ |
| ရုပ်သံ(၂)(တက)-၇၊ | ရုပ်သံ(၂)(တက)-၈၊ | ရုပ်သံ(၂)(တက)-၉၊ | ရုပ်သံ(၂)(တက)-၁၀၊ |
| ရုပ်သံ(၂)(တက)-၁၁၊ | ရုပ်သံ(၂)(တက)-၁၃၊ | ရုပ်သံ(၂)(တက)-၁၄၊ | ရုပ်သံ(၂)(တက)-၁၅၊ |
| ရုပ်သံ(၂)(တက)-၁၆၊ | ရုပ်သံ(၂)(တက)-၁၇၊ | ရုပ်သံ(၂)(တက)-၁၉၊ | ရုပ်သံ(၂)(တက)-၂၀၊ |
| ရုပ်သံ(၂)(တက)-၂၂၊ | ရုပ်သံ(၂)(တက)-၂၆၊ | ရုပ်သံ(၂)(တက)-၂၇၊ | ရုပ်သံ(၂)(တက)-၂၈၊ |
| ရုပ်သံ(၂)(တက)-၂၉၊ | ရုပ်သံ(၂)(တက)-၃၀၊ | ရုပ်သံ(၂)(တက)-၃၁၊ | ရုပ်သံ(၂)(တက)-၃၂၊ |
| ရုပ်သံ(၂)(တက)-၃၃၊ | ရုပ်သံ(၂)(တက)-၃၄၊ | ရုပ်သံ(၂)(တက)-၃၅၊ | ရုပ်သံ(၂)(တက)-၃၆၊ |
| ရုပ်သံ(၂)(တက)-၃၇၊ | ရုပ်သံ(၂)(တက)-၃၈၊ | ရုပ်သံ(၂)(တက)-၃၉၊ | |

၄။ ဖြေဆိုသည့်ရာထူး - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)၊ ရုပ်သံကျွမ်းကျင်(၂)(Myanmar International)၊ အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်)၊ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)
ဖြေဆိုရမည့်နေ့ရက် - ၅-၁၂-၂၀၂၅ (သောကြာနေ့)
ဖြေဆိုရမည့်နေရာ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် - တပ်ကုန်း

| | | | |
|---|---|---|---|
| ရုပ်သံ(၂)(တက)-၄၀၊ | ရုပ်သံ(၂)(တက)-၄၁၊ | ရုပ်သံ(၂)(တက)-၄၂၊ | ရုပ်သံ(၂)(တက)-၄၃၊ |
| ရုပ်သံ(၂)(တက)-၄၄၊ | ရုပ်သံ(၂)(တက)-၄၅၊ | ရုပ်သံ(၂)(တက)-၄၆၊ | ရုပ်သံ(၂)(တက)-၄၇၊ |
| ရုပ်သံ(၂)(တက)-၄၈၊ | ရုပ်သံ(၂)(တက)-၄၉၊ | ရုပ်သံ(၂)(တက)-၅၀၊ | |
| ရုပ်သံ(၂)(MI)(ရက)-၁၊ | ရုပ်သံ(၂)(MI)(ရက)-၂၊ | | |
| သံကျွမ်း(၂)(ရက)-၁၊ | သံကျွမ်း(၂)(ရက)-၂၊ | သံကျွမ်း(၂)(ရက)-၃၊ | သံကျွမ်း(၂)(တက)-၁၊ |
| သံကျွမ်း(၂)(တက)-၂၊ | သံကျွမ်း(၂)(တက)-၃၊ | သံကျွမ်း(၂)(တက)-၄၊ | သံကျွမ်း(၂)(တက)-၉၊ |
| သံကျွမ်း(၂)(တက)-၁၀၊ | သံကျွမ်း(၂)(တက)-၁၁၊ | သံကျွမ်း(၂)(တက)-၁၂၊ | သံကျွမ်း(၂)(တက)-၁၃၊ |
| သံကျွမ်း(၂)(တက)-၁၄၊ | သံကျွမ်း(၂)(တက)-၁၅၊ | သံကျွမ်း(၂)(တက)-၁၆၊ | သံကျွမ်း(၂)(တက)-၁၇၊ |
| သံကျွမ်း(၂)(တက)-၁၈၊ | သံကျွမ်း(၂)(တက)-၁၉၊ | သံကျွမ်း(၂)(တက)-၂၀၊ | သံကျွမ်း(၂)(တက)-၂၁။ |
| သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၊ | သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၂။ | | |

၅။ လူတွေ့ဖြေဆိုမည့်သူများအနေဖြင့် ဖော်ပြပါနေ့ရက်များအလိုက် နံနက်(၉:၃၀)နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ဘွဲ့လက်မှတ်မူရင်း၊ ဒီပလိုမာလက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မိမိတို့ဖြေဆိုရမည့်နေရာများသို့ နံနက်(၈:၀၀)နာရီအရောက် သတင်းပို့လာရောက်ဖြေဆိုကြရန်နှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် - တပ်ကုန်း၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ နှင့် ၀၉-၄၄၄၆၆၂၀၄၂ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်တော် ဦးရဲရင့်စိုးညွှန့် [၁၂/ဗတထ(နိုင်) ၀၀၇၅၀၅]၏ ၁၀ တန်း အောင်လက်မှတ်တွင် မိခင်ဖြစ်သူ ဒေါ်လှယဉ်နှင့် မှတ်ပုံတင်ပါ ဒေါ်လှရင် [၁၂/ဗတထ(နိုင်) ၀၀၉၁၉၀]တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဥတုရာသီ

## တောကို မှီ၏

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်- ၈၈-၁၆၊ ဦးပိုင်အမှတ်- ၂၉၊ ၁၀၈x၁၀၉ ကြား၊ ၄၇x၄၈ လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်မြင့်မြင့်သောင်း [၉/မနမ(နိုင်)၀၂၂၈၆၀]၏ အထူး ကိုယ်စားလှယ်လွှဲစာ အမှတ် (၂၇၁၈/၂၀၁၅)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဒေါ်ယဉ်မြ(ခ)ဝင်းတင် (ဘီဝိုင်- ၀၀၅၉၂၅) [၁၂/မဂဒ(နိုင်) ၀၅၀၃၈၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉(ဘီ)၊ မြေကွက်အမှတ်(၂၂၉)၊ မြေအကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(အလျား၂၀ပေx အနံ၆၀ပေ)ရှိ မြေကွက်အမှတ်(၂၂၈)နှင့် ကပ်လျက်ရှိသည့်(ခြေရင်းဘက်အခြမ်း) မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နန်းစံခမ်း အမည်ဖြင့်အမည်ပေါက်ထားပြီး ဒေါ်နန်းစံခမ်းထံမှ တရားဝင်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီရိစော[၁၁/စတန(နိုင်)၀၀၂၇၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလဲ့ဝင်း(LL.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၅၆၆)၊ ဦးစံတင်အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ မြေကွက်အမှတ်-၅၆၅ နှင့် ကပ်လျက်ဘက် (ပါမစ်မူရင်းခြမ်း)မြေအကျယ်ပေ(၂၀x၆၀) ရှိမြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါရှိသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အောင်ကြည်[၁၂/သဃက(နိုင်)၀၈၇၀၁၇]မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့သည် စစ်မှန်သည်ကို တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အိဇာခြည်ဖြိုး[၁၂/တတန(နိုင်)၂၆၂၆၃၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အိဇာခြည်ဖြိုး၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P,LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)(၂၀-၇-၁၉၉၈)**
**ရုံး/အိမ်-အမှတ်(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရွှေပြည်စိုး(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ်-၅၈၅၊ မြေအကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်မှာ ဦးခင်မြင့် (၁၂/ကမတ(နိုင်)၀၃၄၄၈၄) အမည်ဖြင့်အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ အဆင့်ဆင့်စာချုပ်များဖြင့်ဝယ်ယူထားပြီး နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူ ဦးစိန်ဝင်း(၁၂/ဒပန(နိုင်) ၀၃၀၀၉၁) မှ ၎င်းပိုင်ဆိုင်သော (၄၀' x ၆၀') ရှိမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းဘက်အခြမ်း(၂၀' x ၆၀')ရှိ မြေကွက်နှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝါဝါ၏လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်စပါယ် (LL.B)**
၁၃/လလန(နိုင်)၀၀၉၂၅၉ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်-၂၆၀၊ (တတိယထပ်)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၂၈၅၅၃၄ ၊ ၀၉ ၉၇၁၅၅၂၇၇၈

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်-၈၁၃၊ ဦးပိုင်အမှတ်- ၁-ဈ၊ ၂၉x၃၀ ကြား၊ ၆၄x၆၅ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာအထွန်း[၁၂/လမတ(နိုင်)၀၁၇၄၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-(ဖ-၈)၊ ဦးပိုင်အမှတ်-၈၆/ဂ၊ ၅၉ လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဦးသိန်းဦးအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိုင်းအိုက်ပီးက တရားပြိုင် ဦးသိန်းဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၆၂/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးစိုင်းအိုက်ပီး [၁၃/နခန(နိုင်)၀၆၆၀၁၈]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-၁၀၊ ဦးပိုင်အမှတ်-၁၄/၁၀၃x၁၀၄ လမ်းကြား၊ ၅၄x၅၅ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်တင်ကြည်ထံမှ ဝယ်ယူခဲ့သူ ဒေါ်ချိုမာဝင်း [၉/ပသက(နိုင်)၀၄၉၈၁၉]က မြေချမိန့်စလစ်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြပြီး၊ ၁၉၉၈ ခုနှစ်တွင် ချမ်းမြေ့ငွေစု ငွေချေးအသင်းမှ တင်ပြထားသည့် ကန့်ကွက်စာအား ပြန်လည်ရုပ်သိမ်းပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်-မမ-၂၄၊ ဦးပိုင်အမှတ်-၁၀၅၊ ၄၄x၄၅ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းဒင်[၉/မရတ(နိုင်)၀၇၆၉၄၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၁၂/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်ခိုင်မင်း[၉/မနမ(နိုင်)၁၀၈၀၁၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၂)ကျောင်းမှ အကြီးတန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်သက်သက်[၉/မလန(နိုင်)၀၉၃၂၃၉]၏ ဖခင် ဦးမချိုးနှင့် ဦးမောင်ချိုသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ တိုက်အမှတ်(၆၈) အခန်းအမှတ်(၅၀၂)၊ ၆-လွှာ(ခေါင်းရင်းခန်း)အမည်ရှိ တိုက်ခန်းအကျယ်အဝန်း (၁၂.၅ပေx၅၀ပေ ) ကျယ်ဝန်းသော တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသော ဒေါ်ယုယုဝင်း [၁၂/သဃက (နိုင်)၀၀၄၂၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းကိုဦး [၇/သဝတ(နိုင်)၁၁၇၆၂၂] နှင့် ဒေါ်ပန်းအိဖြူ [၁၂/ကမတ(နိုင်)၀၇၆၅၂၃] တို့မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းကိုဦးနှင့် ဒေါ်ပန်းအိဖြူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၁၆၇၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ကွင်းအမည်( ၅၆၇Aက/ကင်ပလင်း )၊ ဦးပိုင်အမှတ်(၂၆/၄)၊ ဧရိယာ (၂.၀၀)ဧက ရှိ လယ်မြေအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ပုံစံ(၇)အမည်ပေါက် ဦးရှိန်းဇေငိုင်း [၁၂/မဂဒ(နိုင်)၀၃၁၀၃၅]မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ ယုဇနအပိုင်း (၃) အိမ်ရာ၊ တိုက်အမှတ်-၁၀၊ အထပ် - တတိယထပ်၊ အခန်းအမှတ်-၃၀၈၊ ဧရိယာအကျယ်အဝန်း(၄၃၆)စတုရန်းပေရှိသော ရေမီးစုံအပါအဝင် စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးသင်း (ဘ) ဦးကြည်သန်း မှတ်ပုံတင်အမှတ်[၁၂/ရပသ (နိုင်)၀၃၄၈၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ် - ၂၅၃၇၄) (၂၀၀၇)**
**အမှတ်(၇၈)၊ အခန်းအမှတ် (၇၀၄)၊ ၆-လွှာ၊ Golden River Residence မြစ္စာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၆၄၂၀၇၅၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၈

| | | |
|---|---|---|
| ဦးမျိုးဝင်း **(တရားလို)** | နှင့် | ဦးကုဋ္ဌေဌေး **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အမှတ်(၇/ဘီ)နေ ဦးကုဋ္ဌေဌေး (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့် ၁၅ ရက်)နေ့ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်။

ငွေ ............................ ရရှိပြီး။

**(ရဲကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မရမ်းကုန်းခရိုင်တရားရုံး**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြစ်ဝလမ်း၊ မြေကွက်အမှတ်(၃၅၁)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးထွန်းရှိန်အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေရှိ ဂရန်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မေဇင်သိန်းဝင်း[၁၂/ဒဂမ(နိုင်)၀၂၆၃၂၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုစံ [၁၃/တကန(နိုင်)၃၅၄၆၈၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ယုဇနမြိုင်လမ်း၊ မြေကွက်အမှတ်(၈၄၃)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးမြင့်ဇော်အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ထင်လင်းနွယ်[၁၂/ဒဂမ(နိုင်)၀၁၅၁၀၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဦး[၁၂/ဒဂမ(နိုင်)၀၂၃၈၅၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၈၃၉)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးစောရန်နိုင်အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေရှိ ဂရန်မူရင်းခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်သင်းသင်းဆွေ[၁၂/မရက(နိုင်)၀၁၂၄၃၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသံလွင်[၁၂/သလန(နိုင်)၀၀၀၁၀၀]၊ ဒေါ်မျိုးမျိုးအေး[၁၂/သကတ(နိုင်)၀၂၂၄၅၆]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၂၉၉/ဘီ) ဟုခေါ်တွင်သော (၃၅'x၁၀')အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်နေအိမ်တစ်လုံး၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူဖြစ်သော ဒေါ်လှလှအေး(၁၂/တကန(နိုင်)၀၄၇၇၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖွေးသန့် [၈/ပဖန(နိုင်)၀၁၈၇၉၆]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L.)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၉၁၊ ၅လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမော်[၁၂/ကမတ(နိုင်)၀၅၉၁၈၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**

**ဦးသူရိန်မြင့် LL.B** (စဉ်-၉၅၂၁/၂၀၁၃ခုနှစ်) **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L** (စဉ်-၁၂၈၁၈/ ၂၀၁၇ခုနှစ်)

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(28– E–1)၊ မြေကွက်အမှတ်(၈၇ ဒီ/၁)၊ ကျွန်းတောလယ်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၇၈၊ ၁၈၀)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အအုံမှ(၇လွှာ)၊ အခန်းအမှတ်(7–B)၊ တိုက်မျက်နှာမူ(ဘယ်)၊ အကျယ်အဝန်း အလျား(၁၇ပေ x အနံ ၄၈ပေ)ရှိသော ကြိုပွိုင့်ကွန်ဒိုတိုက်ခန်းအား ဦးကျော်ဆန်းရွှေ[၁၂/စခန(နိုင်)၀၀၆၉၈၉]နှင့် ဦးစိုးမြင့်သိန်း[၁၂/စခန(နိုင်)၀၅၅၁၇၁]တို့မှ ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မြင့်မြင့်ဌေး**

**LL.B.,LL.M.,WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**

**အမှတ်(၁၃၈)(မြေညီ)၊ လမ်း(၄၀-အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၃၅၅၆၊ ၀၉-၇၈၄၈၄၈၄၇၂**

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
### မှော်ဘီခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၁

**ကွယ်လွန်သူ ဦးရွှေ ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်တင်ကြည် လျှောက်ထားသူ

**အမှတ်-၂၅၁၊ နှောကုန်းကျေးရွာအရှေ့ပိုင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးရွှေ** ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့်လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့် ၁၅ရက်နေ့)**တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးရွှေ၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အားအဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ရက်နေ့ (၁၃၈၇ခုနှစ်၊ နတ်တော်လပြည့် ၁၅ ရက်နေ့)** နံနက်(၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက် ချလိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၆၆၀/က၊ မြေကွက်တည်နေရာအမှတ်-၆၆၀/က၊ ဖွဲကပင်(၁)လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမောင်မောင်စိုး[၁၂/ရကန(နိုင်)၀၃၄၅၆၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်မောင်စိုးထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၉၁၃၄/၂၀၂၄(၁၁-၁၁-၂၀၂၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်စောသိန်း[၁၂/ရကန(နိုင်)၀၃၄၅၆၂]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ ၂၀၂၂ခုနှစ်ခန့်တွင် မိမိမှသိမ်းဆည်းထားရာမှ မီးလောင်မှုကြောင့် ပျောက်ဆုံး ပျက်စီးသွားခဲ့ပါကြောင်း၊ နှစ်(၆၀)မြေငှားဂရန်မူရင်းအား အခြားသူတစ်ပါးသို့ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံ၍ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း လုံးဝမရှိပါကြောင်း၊ နှစ်(၆၀)မြေငှားဂရန်မူရင်း ပျောက်ဆုံး/ ပျက်စီးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဂရန်ပျောက်ဆုံး/ပျက်စီးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၅၇၁/၂၀၂၄(၂၆-၁၁-၂၀၂၄)၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ(၁)ထပ်ပျဉ်ကာ သွပ်မိုးအိမ်(၁)လုံးရှိပြီး၊ ကိုယ်တိုင်နေထိုင်ပြီး ဒေါ်ခင်စောသိန်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ဂရန်မိတ္တူမှန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## World Philosophy Day 2025 (Myanmar)
## ကျေးဇူးတင်လွှာ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် World Philosophy Day 2025 (Myanmar) အခမ်းအနားကို M– 3 Food Center ၌ သတ္တမအကြိမ်မြောက် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြပါသော ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ ညှိခံကျွေးမွေးရေးအတွက်လှူဒါန်းပေးပါသော Philosophy ကျောင်းသားဟောင်း ဦးအောင်သက်မန်း၊ ဖျော်ဖြေရေးအစီအစဉ်တွင် မေတ္တာဖြင့်ပံ့ပိုးသီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် ဦးသန်းမြတ်စိုး၊ ကိုပက်ထရစ်တင်ထွန်းနှင့်တကွ Philosophy ကျောင်းသူများ၊ Philosophy Talk Show တွင် ပါဝင်ဆွေးနွေးပေးကြပါသော ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အခမ်းအနားသို့ စိတ်ပါဝင်စားစွာ တက်ရောက်ပါဝင်အားဖြည့်ပေးကြပါသော ဒဿနိကဗေဒကို ချစ်မြတ်နိုးသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၊ ဧည့်သည်တော်များနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**Worid Philosophy Day 2025 (Myanmar)**
**ကျင်းပရေးကော်မတီ**

တရားမပုံစံအမှတ် ၃၃။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၁နှင့်၅)
### သာကေတမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၂

ဒေါ်မေဖြိုးခိုင် နှင့် ၁။ ဒေါ်ခင်သန်းနု
၂။ ဦးစိန်ပို
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၈)လမ်း၊ အမှတ်(၃၉၄/က) နေ ၁။ဒေါ်ခင်သန်းနု ၂။ဦးစိန်ပို(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မေဖြိုးခိုင်က ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ထန်းပင်ချောင်လေးကျေးရွာနေ (ဘ)ဦးအလာကူး PAG-၂၁၁၅၇၇ (မိ)ဒေါ်ပွတ္တာူး[၁၀/ပမန(ပြု)၀၀၁၃၉၆]တို့၏ သားမောင်ဆဒိုးကန်းသည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။( စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိဘများ**
**ဦးအလာကူး-ဒေါ်ပွတ္တာူး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ရွှေပြည်သာမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၇

ဒေါ်စုစုဝင်းမောင် နှင့် ဒေါ်မွေးမွေး
**တရားလို** **တရားပြိုင်**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ်(၁၂/ခ)နေ တရားပြိုင် ဒေါ်မွေးမွေး (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ **တရားလို**က **"သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူသင်းခိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက် ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အား သုံးစွဲခဲ့သူအောက်ဖော်ပြပါ အမည်စာရင်းတွင် ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံ အဖြစ် လက်မှတ်ရေးထိုး ပေးခဲ့ကြသူများ အနေဖြင့် ကမ္ဘောဇဘဏ် လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း သက်ဆိုင်ရာ ဘဏ်ခွဲသို့ လာရောက် ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍တရားစွဲဆို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| ၁ | ဒေါ်အင်ကြင်းဇော် | ၁၂/စခန(နိုင်)၀၅၂၄၄၃ |
| ၂ | ဦးမျိုးမင်းသူ | ၁၂/အလန(နိုင်)၀၀၂၆၁၀ |
| ၃ | ဦးဝင်းသန်း | ၁၂/ဒဂန(နိုင်)၀၀၀၃၆၈ |
| ၄ | ဦးအောင်ကိုကို | ၁၂/ဥကတ(နိုင်)၁၅၃၉၉၇ |
| ၅ | ဦးလွှမ်းမိုးသူ | ၁၂/ကမရ(နိုင်)၀၅၄၆၅၂ |
| ၆ | ဦးညီညီလင်း | ၁၄/ရကန(နိုင်)၀၉၅၇၇၈ |
| ၇ | ဦးအောင်နိုင်စိုး | ၇/ကဝန(နိုင်)၁၁၁၂၁၂ |
| ၈ | ဦးသက်ဦး | ၁၂/မဂဒ(နိုင်)၁၄၆၃၈၄ |
| ၉ | ဒေါ်သီသီလွင် | ၁၂/သလန(နိုင်)၀၈၅၃၇၀ |
| ၁၀ | ဒေါ်အေးအေးသွယ် | ၅/ဝသန(နိုင်)၀၀၆၉၇၁ |
| ၁၁ | ဦးအောင်ဇော်မိုး | ၁၂/လမန(နိုင်)၁၃၆၄၄၉ |
| ၁၂ | ဒေါ်မေဖြူဇော် | ၁/မညန(နိုင်)၁၁၆၁၅၆ |
| ၁၃ | ဦးသွင်မောင်မောင် | ၇/တငန(နိုင်)၀၉၈၆၀၄ |
| ၁၄ | ဦးဇင်မင်းလှိုင် | ၁၀/မလမ(နိုင်)၁၃၈၀၉၉ |
| ၁၅ | ဦးကျော်ဝဏ္ဏ | ၁၂/ဥကတ(နိုင်)၁၅၂၅၉၆ |
| ၁၆ | RAKWI NANG SAR LE LE THINN | ၁၂/ရကန(နိုင်)၀၇၆၄၅၂ |
| ၁၇ | ဒေါ်ဆောင်းသက်ဇွန်စိုး | ၁၂/ရကန(နိုင်)၀၈၀၃၅၁ |
| ၁၈ | ဒေါ်သူဇာလင်း | ၁၂/လမန(နိုင်)၁၃၀၈၁၀ |
| ၁၉ | ဒေါ်သန္တာအေးနိုင် | ၁၂/ပဘတ(နိုင်)၀၀၂၀၃၄ |
| ၂၀ | ဒေါ်နန်းအေးအေးနွဲ့ | ၁၃/တကန(နိုင်)၀၈၃၅၄၄ |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃) Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph–01–2307091**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ် အဆင့်မြင့် အိမ်ရာစီမံကိန်းမှ အကျယ်အဝန်း(၇၅၀)စတုရန်းပေရှိသော တိုက်အမှတ် (၇)၊ အခန်းအမှတ် (၁၀၃) တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားကာ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဒေါ်အေးအေးအောင်[၁၂/ပဇတ(နိုင်)၀၁၀၂၁၆]ထံမှ** ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဂန့်ဂေါ်ထွန်းမြင့်[၁၂/စခန(နိုင်)၀၀၂၃၇၃]**က (၁၈-၁၀-၂၀၂၅) ရက်နေ့တွင် ဝယ်ယူပြီးစီးကြောင်းနှင့် ထိုသို့ဝယ်ယူသည့်အခါ (၁၀-၇-၁၉၉၆)ရက်နေ့တွင် ချုပ်ဆိုထားသည့် မူလစာချုပ်ဖြစ်သော **မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီနှင့်** မူလဝယ်ယူသူ **ဒေါ်စန်းလွင် (အဖ-ဦးထွန်းငြိမ်း) စီဂျေ – ၀၁၅၄၃၁ [၁၂/ဗတထ(နိုင်) ၀၁၈၆၁၇]**တို့ ချုပ်ဆိုထားသော စာချုပ်မူရင်းမှာ ပျောက်ဆုံးနေသောကြောင့် ထိုစာချုပ်မပါဝင်ကြောင်းနှင့် **ဒေါ်ဂန့်ဂေါ်ထွန်းမြင့်** မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် အမည်ပြောင်းလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | | |
|---|---|---|---|
| **ဒေါ်အေးမွန်ဆွေ(LLB)** | **ဦးမျိုးမြင့်အောင် (PGDL)** | **ဦးကျော်ဇေယျာထွန်း (PGDL)** | **ဒေါ်မေနှင်းဖြူ (PGDL)** |
| **(စဉ်-၁၉၄၅၇)** | **(စဉ်-၅၅၈၆၉)** | **(စဉ်-၅၅၇၉၇)** | **(စဉ်-၅၆၅၁၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၂၄၇၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ၊ ဖုန်း-၀၉-၄၅၅၁၀၀၈၆၃၊ ၀၉-၄၂၈၀၄၃၇၃၉**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၊ လူနေရပ်ကွက်အမှတ်–FMI City အိမ်ယာစီမံကိန်း၊ ခရေပင်လမ်းရှိ –

(က) မြေကွက်အမှတ်–၈၁၃–A၊ အမှတ် (L-68) အကျယ်အဝန်း (၁၈၀' x ၁၀၀')၊ ဧရိယာ (၀. ၄၁၃)ဧက၊ (၁၈၀၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦး။

(ခ) မြေကွက်အမှတ်–၈၁၈၊ အမှတ် (L-67) အကျယ်အဝန်း (၁၀၀' x ၁၈၀')၊ ဧရိယာ (၀. ၄၁၃)ဧက၊ (၁၈၀၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦး။

(ဂ) မြေကွက်အမှတ်–၈၁၉၊ အမှတ် (L-66) အကျယ်အဝန်း (၁၀၀' x ၁၇၀')၊ ဧရိယာ (၀. ၃၉၀)ဧက၊ (၁၇၀၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦး။

တို့ကို ဂရန်အမည်ပေါက်များဖြစ်ကြသည့် ဦးစိန်ဝမ်း (၁၂/ပဇတ (နိုင်) ၀၂၆၂၈၀)နှင့် ဒေါ်မညူထွန်း (၁၂/ပဇတ (နိုင်) ၀၀၂၈၃၄)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေတစိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သက်ယုဆွေ (LL.B, M.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၅၂၂)
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၆၃၆၈၄၁၄၄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင် ငွေလုံးငွေရင်း အသုံးစရိတ်(ဖြည့်စွက်)ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်း(၉)ခုနှင့် တင်ဒါခေါ်ဝယ်ယူမည့်ပစ္စည်းများ (1C x $35mm^2$ Cable) ဝယ်ယူခြင်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၁၁-၂၀၂၅ ရက်
- တင်ဒါပုံစံပိတ်မည့်ရက် - ၁၀-၁၂-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ
- တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည် -

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အီး)၊ မြေကွက်အမှတ်(၁၂၃)၊ မြေအကျယ်အဝန်း(၂၅x၅၀)ပေရှိ ဒေါ်ချိုချို [၁၂/ပဇတ(နိုင်)၀၀၇၂၃၉] (အပိုကြီးဘဝဖြင့် ကွယ်လွန်)+ဒေါ်ခင်အေးလွင်(ခ)အိမ်မျိုး [၁၂/ပဇတ(နိုင်)၀၀၇၁၀၁]တို့ အမည်ပေါက် နှစ်(၉၀)အငှားဂရန်မြေ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၇)မြေညီထပ် (မျက်နှာမူလှျှင်ယာဘက်)၊ နှင်းပန်းလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂½x၅၀)ပေရှိ တိုက်ခန်း၊စွဲကပ်တည်ရှိနေသောအရာများတို့ကို တိုက်ခန်းနှင့် မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်အေးလွင်(ခ)အိမ်မျိုး [၁၂/ပဇတ(နိုင်)၀၀၇၁၀၁]က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူ ဝန်ခံရောင်းချရာ ဒေါ်တင်ဇာခိုင် [၁၂/လမန(နိုင်)၁၂၉၈၂၈]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ် - ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၆၀၃)တွင် နေထိုင်သူ ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့်မြင့်သည် (၆-၃-၁၉၈၆)ရက်စွဲပါ ကွယ်လွန်သူ ဒေါက်တာဒေါ်မြသင်၏ သေတမ်းစာအရ အမွေဆက်ခံပိုင်ခွင့် ရရှိလာသူ ဦးသာနိုး၏ သမီးကြီးဖြစ်သည့်အပြင် အမွေဆက်ခံခွင့်ရရှိထားသူ ဦးညွှန့်သိန်း၏ တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်း ခံထားရသူတစ်ဦးလည်း ဖြစ်ပါသည်။ ဒေါက်တာဒေါ်မြသင်၏ သေတမ်းစာအရ အမွေပုံစီမံခန့်ခွဲခွင့်ကို (၅-၉-၂၀၁၇)ရက်နေ့က ဒေါ်ခင်မာစီရရှိထားသည့် ဖော့ကန်ကွင်း၊ ဦးပိုင်အမှတ်-၃၉၉(က)၊ မြေကွက်အမှတ်(၆၄)နှင့် (၆၅)ကို တရားဝင်အမွေထိန်းလက်မှတ်စာနှင့် ခွဲဝေစီမံခွင့်ကို ရရှိထားသော်လည်း ယနေ့(၂၆-၁၁-၂၀၂၅) ရက်နေ့အထိ ဒေါ်ခင်မာစီသည် ခွဲဝေစီမံပေးခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် အရောင်းအဝယ်ပြုလုပ်နေသည်ဟု ကြားသိရသည့်အတွက် အမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း မပြုလုပ်ရန် တားမြစ်ပါကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**နော်ဖောကမွီးဝါးဝါးစော (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၀/၁၅)**
**အမှတ်-(၉)၊ မြိုင်သာယာလမ်း၊ တောင်သုကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၉၄၆၉၄၂၆၄**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြင့်မြင့်လှိုင် [၉/မထလ(နိုင်)၀၄၃၁၉၆]၊ ဒေါ်ခင်စန်းသီ [၉/မထလ(နိုင်)၀၄၃၂၇၅]၊ ဦးထက်အောင်ရှိုင်း [၁၂/ဗဟန(နိုင်)၁၀၄၁၄၅]၊ ဦးဝေယံရဲရင့် [၁၂/ဗဟန(နိုင်)၁၀၄၁၄၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

လူမှုကွန်ရက်စာမျက်နှာများတွင် Justice For Captain Henry Khin Maung အမည်ဖြင့် အသုံးပြု၍ မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား စိတ်အနှောင့်အယှက်ဖြစ်အောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုရေးသားလွှင့်တင်နေသော ဦးရဲမင်းလွင် [၁၂/ဗဟန(နိုင်)၀၉၈၇၇၀]နှင့် ကျွန်ုပ်၏မိတ်ဆွေများနှင့် သက်ဆိုင်ခြင်းမရှိပါ။ ဦးရဲမင်းလွင်အား မိဘများဖြစ်ကြသော ဦးဟင်နရီခင်မောင်နှင့် ဒေါ်ဖြူဖြူဇင်တို့မှ (၂၆-၂-၂၀၂၄) ရက်နေ့နှင့် (၇-၈-၂၀၂၅)ရက်နေ့တို့တွင် နိုင်ငံပိုင်သတင်းစာဖြစ်သော ကြေးမုံသတင်းစာတွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာတွင် လူအများ စိတ်အနှောင့်အယှက်ဖြစ်အောင်၊ သတင်းမီဒီယာများသို့ မမှန်မကန် သတင်းပေးပြောဆိုရေးသားနေသော ဦးရဲမင်းလွင်နှင့် ကျွန်ုပ်၏မိတ်ဆွေများမှာ လုံးဝ (လုံးဝ) ပတ်သက်ခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာထူး LL.B, DCBL (SSBM)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၁၄)(၂၉-၁၁-၂၀၁၆)**
**အမှတ် (၇၄/၇၆)၊ ၅-လွှာ၊ ခေါင်းရင်းခန်း၊ အနောက်မြို့ပတ်လမ်းနှင့် အနောက်ဈေးဟောင်းလမ်းထောင့်၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၀၀၄၄၁၊ ၀၉-၂၅၀၄၉၈၈၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေခိုင်ဝင်း [၁၂/သကတ(နိုင်)၁၂၆၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၉)၊ ရတနာပုံ(၅)လမ်း၊ အမှတ်(၁၁၃၉/က)ဟုခေါ်တွင်သော (အလျား-၂၀ပေxအနံ-၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မြေညီထပ်တိုက်ခန်းနှင့် မြေဂရန်အပါအဝင် (မြေရှင်)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ကြောင်းအဆိုပြုလာသူ ဦးကျော်ဇင်ထိုက် [၁၄/ဝခမ(နိုင်) ၁၅၂၇၀၇] ထံမှ (၂၅-၁၁-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေညီတိုက်ခန်းနှင့် မြေဂရန်ပိုင်ဆိုင်မှုအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" အရ စရန်ငွေ တချို့တစ်ဝက် ပေးချေပြီးဖြစ်ရာ အဆိုပါမြေညီတိုက်ခန်းနှင့် မြေဂရန်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်ခြင်းမရှိပါက အထက်ပါ "နှစ်ဦးသဘောတူမြေညီတိုက်ခန်းနှင့် မြေဂရန်ပိုင်ဆိုင်မှု အရောင်းအဝယ်စာချုပ်" အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၁၀၅၆၉**

## "တိုက်ခန်း" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်ယဉ်ယဉ်နု [၅/ကဘလ(နိုင်) ၀၃၉၅၅၄] နှင့် ဒေါ်သုသုဝေ [၁၂/တမန(နိုင်)၁၂၀၄၁၀]သည် "ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၀)လမ်း၊ အမှတ်(၁၆) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃)ထပ်ခွဲ တိုက်၏ (မှန်ခန်း) ခြေရင်းခန်းဟုခေါ်တွင်သော၊ အကျယ် (၁၈x၅၅)ပေရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ရည်မွန်ဖြိုး [၁၄/ကကထ(နိုင်) ၁၈၅၄၃၅] ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာသိန်း (LL.B) (စဉ်-၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅/တိုးချဲ့ရပ်ကွက်)၊ သုခမ္မာလမ်းတွင် သိရီရတနာလက်လီ/လက်ကားဈေးဝင်း၊ အဆောက်အဦအမှတ် "K"၊ ဆိုင်အမှတ် -၂၁ အကျယ်အဝန်း အလျား (၁၄)ပေx အနံ (၄၅)ပေရှိ ဆိုင်ခန်းနှင့် ၎င်းဆိုင်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဆွေအောင်စိုး [၁၂/အစန(နိုင်) ၁၅၀၃၄၆]တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးတင်လှိုင် [၁၂/မဂတ(နိုင်)၁၁၃၁၉၇]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက် နိုင်ပါကြောင်း သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးတင်လှိုင်**
**[၁၂/မဂတ(နိုင်)၁၁၃၁၉၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအေး (LL.B, DBL, DIL)**
**အထက်တန်းရှေ့နေ (စဉ်- ၃၃၅၂၄)**
**ရက်စွဲ (၁၄-၆-၂၀၁၀)**
**အမှတ်(၃၂)၊ ဗိုလ်ဉာဏ(၃)လမ်း၊**
**မရမ်းကုန်း(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-979008986**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၀)၊ မဇ္ဈူသကလမ်း၊ အလျား (၁၀)ပေx အနံ (၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခိုင်ဇာလွင် [၁၂/မဂဒ(နိုင်)၂၂၂၂၅၁] တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးအောင်သက်ဦး [၁၂/ကမန(နိုင်)၁၁၀၂၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်သက်ဦး**
**[၁၂/တမန(နိုင်)၁၁၀၂၆၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအေး (LL.B, DBL, DIL)**
**အထက်တန်းရှေ့နေ (စဉ်- ၃၃၅၂၄)**
**ရက်စွဲ (၁၄-၆-၂၀၁၀)**
**အမှတ်(၃၂)၊ ဗိုလ်ဉာဏ(၃)လမ်း၊**
**မရမ်းကုန်း(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-979008986**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်းအပိုင်း(၃)၊ အမှတ် (၁၈၃)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၂၅ပေx ၅၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးမင်းဆန်းသစ်နေမင်း [၁၀/ကမရ(နိုင်)၀၆၈၅၆၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (အထက်တန်းရှေ့နေ) (စဉ် - ၁၂၄၆၉)**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၅၁၁၈၀၀၇၊ ၀၉ - ၅၁၈၃၅၆၉၊ ၀၉ - ၂၅၄၂၇၈၃၃၆**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

(ဘ) ဦးသိန်းမြင့်၏ သား [၁၂/မရက(နိုင်)၀၀၁၇၇၇] ကိုင်ဆောင်သူ ဦးဇော်မင်းသိန်း နှင့် ဦးဇော်မင်းမှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၅x၆၆ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မြင့်ကြည် [၁/မကတ(နိုင်)၀၁၂၉၂၅]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၃၄၀၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမိုးသက် [၉/ခမစ(နိုင်)၀၄၃၉၉၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၂)၊ ၅၅x၅၆ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ထွေး [၉/ပသက(နိုင်)၀၁၂၄၁၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၃)၊ ဦးပိုင်အမှတ်(၉၁)၊ ၅၁x၅၂ ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၀၃၂/၁၉၉၁-၁၉၉၂)အရ ဦးထွန်းမြင့်ရွှေ မှတ်ပုံတင်အမှတ် [၉/မနမ(နိုင်)၀၆၈၆၀၄]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးအောင်ပြည့်ဖြိုး မှတ်ပုံတင်အမှတ် [၉/ခမစ (နိုင်)၀၃၃၃၅၇]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ (ဘုရင့်နောင်)လမ်းတွင်တည်ရှိသော စလစ်မြေအမည်ပေါက် (ဦးမြသိန်း) အမည်ဖြင့် အိမ်ရာအဆင့်(AG)၊ အိမ်ရာအကွက်အမှတ်(20)၊ မြေအမျိုးအစား (စလစ်မြေ) ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် အလျား (၄၀)ပေ၊ အနံ (၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ်ပြုလုပ်သည့်အချိန်အထိ အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ဒေါ်မဥ္ဇူခိုင် [၁၂/မဘန(နိုင်) ၀၂၂၅၅၀]မှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဌေးမှ ဝယ်ယူရန်အတွက် (၂၅-၁၁-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ဝင်းခြံမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော စလစ်မူရင်းအပါအဝင် ဆက်စပ်စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅)**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## ပြင်ဆင်ချက်

(၁၈-၁၀-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၉)ပါ ဗိုလ်တထောင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁/၂၀၂၅၊ တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ ဖြင့် ထည့်သွင်းကြော်ငြာခဲ့သော ဒုတိယတရားသူကြီး(၂)အား ဒုတိယမြို့နယ်တရားသူကြီး(၂)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(နှင်းစန္ဒာဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေသည် "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဟိုပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၀)၊ မြေကွက်အမှတ်-(၈၂၉)ဟုခေါ်တွင်သော အကျယ် (၄၀x၆၀)ပေရှိ မြေချပါမစ်မြေ အမျိုးအစား မြေကွက်ကြီးအနက်မှ (ခြေရင်းဘက်ခြမ်း)၊ အကျယ် (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး" တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဒေါ်အုန်းမြင့် [၁၄/မမန(နိုင်) ၀၂၄၁၂၈]" ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ ကန့်ကွက် မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာသိန်း (LL.B) (စဉ်-၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံအမှတ်(၁၂)၊ (၄)ခန်းတွဲ၊ (၄)ထပ်တိုက်၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၂)၊ အကျယ် (၈၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်နေထိုင်ခွင့်ရသူ ဒေါ်ဝါဝါမိုး[၃/လဘန(နိုင်)၀၀၈၈၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်သင်းဦး[၉/မထလ(နိုင်)၂၆၇၅၈၁]က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီးနောက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုဆိုင်ရာ မူရင်းအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်သင်းဦး[၉/မထလ(နိုင်)၂၆၇၅၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B, D.B.L. တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(၅၂)၊ ၆၄x၆၅ လမ်းကြား၊ ကုသိုလ်တော်xပရန်တော်ချောင်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးလွင် (အီးဘီ-၀၅၀၁၅၉) [၉/မရတ(နိုင်) ၀၀၈၇၄၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၃၉/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မြတ်ဆွေ [၉/မရတ(နိုင်)၀၀၈၆၁၁]က ငွေသွင်းပြေစာ ၄၀၀၀ီ/မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်...

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ပဲခူးမြို့၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံကိုးလုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၉၅ ဦးတို့အား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို အများဆုံးကျူးလွန်လျက်ရှိသည့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✣



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်၊ အရေးပေါ်အခြေအနေ ကြေညာ

စာမျက်နှာ » ၁၃

မြဝတီမြို့၌ လူမှုကွန်ရက် အသုံးပြုကာ လိုင်စင်မဲ့ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူ

စာမျက်နှာ » ၁၅



တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)မှ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ » ၁၈

## ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ” တဖြည်းဖြည်းအားလျော့သွားနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

**ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ” အခြေအနေ**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ မလက္ကာရေလက်ကြားနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံအရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ”သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံကမ်းခြေဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ” သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်၊ မလေးရှားနိုင်ငံ ပီနန်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၁၅၅ မိုင်ခန့်၊ အင်ဒိုနီးရှားနိုင်ငံ ကူတာမတ်ကွာမြို့၏ အရှေ့ဘက်ရေမိုင် ၄၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ကားနီကိုးဘားမြို့၏ အရှေ့တောင်ဘက်ရေမိုင် ၃၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❑

## ချယ်လ်ဆီးအသင်းက ဘာစီလိုနာကို ဂိုးပြတ်နိုင်ပြီး လေဗာကူဆင်ကို မန်စီးတီး ရှုံးနိမ့်

နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ဘာစီလိုနာအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းကတော့ လေဗာကူဆင်အသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဘာစီလိုနာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းရင်း ပွဲကစားချိန် ၄၄ မိနစ်မှာ အာရှုဂျို နစ်ဝါတစ်ခါနီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❖



ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။